# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေး ရာ စာစောင်

ထိုသူတို့သည် လူများရှေ့တွင် စကားတော်၌ အပြစ်မတွေ့နိုင်သဖြင့် ဖြန်ပြောတော်မူသော စကားကို အံ့ဩ၍ တိတ်ဆိတ်စွာ နေကြ၏။ လုကာ ၂၀း ၂၆

အမှတ်စဉ် (၁၃၈) ဖေဖော်ဝါရီလ ၂၀၁၃ ခုနှစ် ●မွဒါန (လစဉ်ပထမတနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် ) ၂၀၀၁ ခုနှစ်တွင်တည်ထောင်သည်။ Est; September 2001


## သံယောဇဉ် *မိုနာ (ကလေး)*

သံယောဇဉ်






နလုံးသားမှာ ဖြစ်ပေါ်လာ။ တိုင်းတာမရ ချစ်မဝ
တွယ်တာ နောင်ကြိုးဖြတ်ရ ဆိုး၏။ ခံစားမရ အိုဒုက္ခ
ရစ်တွယ်နှောင်ခက် ကြိုးမျှင်သည်။ ဘယ်ချိန်ခါမှာ ပြတ်မလဲ။

------------------------------------------------------------

## ဒုက္ခနှင့်သုခ *ဘုတ်အိ (မြောက်ဥက္ကလာ)*

ဒုက္ခနှင့်သုခ



မိတ်ဆွေ ဒုက္ခကြီးပဲ ခံစားနေရတယ်လို့ ထင်နေလား။
မိတ်ဆွေ သုခကြီးပဲ ခံစားနေရလား။ အရာရာမှာ ဝမ်းနည်းစရာတွေနဲ့ပဲကြုံနေလား။
မိတ်ဆွေ အရာရာမှာ သောကနဲ့ပဲ မိတ်ဖွဲ့နေရလား။
အဖတ်ဆယ်လို့မရအောင် ရှုံးနိမ့်နေလား။ မျက်ရည်များစွာနဲ့ပဲ မိတ်ဖွဲ့နေရလား။
ဒါတွေ အားလုံးဟာ ဖန်ဆင်းထားတဲ့ ဘုရားအရှင် ရှိလို့
ကြုံဆုံရတာလို့ မိတ်ဆွေ တွေးမိရဲ့လား။ မိတ်ဆွေ ဟေရှာယ ၄၅း၇ ကို ကြည့်ရင်
ငါသည် အလင်းကိုလုပ်၏။ အမိုက်ကိုလည်း ဖန်ဆင်း၏။ ငြိမ်သက်ခြင်းကို ဖြစ်စေ၏။
အမင်္ဂလာကိုလည်း ဖန်ဆင်း၏။ ခပ်သိမ်းသော
အမှု့ အရာတို့ကို ငါထာဝရဘုရား ပြုတော်မူ၏။
ဒါကြောင့် မိတ်ဆွေ ခံစားရသမျှအားလုံးဟာ ဘုရားရှင် အခွင့်ပေးလို့၊
ဘုရားရှင် အခွင့်ရှိလို့ ဖြစ်လာတဲ့ အရာတွေပဲ။ ဒါကြောင့် အခု ကြုံနေရတဲ့
အရာတွေ အတွက် ကျေးဇူးတော် ချီးမွမ်းရအောင် ...။



------------------------------------------------------------

ကျေးဇူးတင်မဆုံးပါ

## ကျေးဇူးတင်မဆုံးပါ *Hpung Gan Ah Jar (မန်စီ) ဇန်းမော်ခရိုင်*

ဘုရားဖန်ဆင်းထားသော ကမ္ဘာမြေမှာ နေထိုင်ခွင့်ရသောကြောင့် ကျေးဇူးတင် မဆုံးပါ။
ဘုရားပေးအမွေ.. အမိမြေ(ကချင်ပြည်)မှာ
မွေးဖွားခွင့်ရသောကြောင့် မြတ်နိုးဂုဏ်ယူလျှက် ကျေးဇူးတင်မဆုံးပါ...
ဘုရားပေးသော...မိဘအရိပ် ရင်ခွင်မှာ နားခိုခွင့်ရသောကြောင့် သောကကင်း လုံခြုံခဲ့တယ်
ထိုကြောင့် ကျေးဇူးတင် မဆုံးပါ။
အမိ ဝမ်းမှအစ.. သခင့်ကို ရင်းနှီးခွင့်ရသောကြောင့်
အတိုင်းမသိ.. ဝမ်းမြောက်နေလျှက် ကျေးဇူးတင် မဆုံးပါ။
အပြစ်နွံအိုင်မှာနစ်... ဆုံးရှုံးခြင်းအလယ် လွတ်မြောက်ဖို့ လက်ကမ်းပေးကာရယ်။
အပြီးမျက်နာလေးဖြင့် ကြိုဆိုပေးသောကြောင့် ကျေးဇူးတင် မဆုံးပါ။
မျက်ရည်ကျ၍.. ဝမ်းနည်းချိန်ခါ ခံနိုင်ရည်ရှိဖို့ရန်.. နှုတ်ကပတ်တော်အားဖြင့်
ခွန်အားနဲ့ ဖြေသိမ့်ပေးတဲ့အတွက် ကျေးဇူး.. ကျေးဇူးတင်မဆုံးနိုင်ခဲ့ပါ..။








------------------------------------------------------------

## ချစ်သူမောင်ထံပေးစာ *(က.န.ခ- နန်းရထိုက်)*

ချစ်သူမောင် - လွမ်းရေးထက် ဝမ်းရေးက ခက်တယ်ဆိုတော့
အနာဂတ် လှပဖို့အတွက် တိုင်းတပါးသို့ ခရီးဆက်
ကြားဖူးနားဝ ကြားစကားကို ရေးပြရရင်။ တိုင်းတပါးသူတွေရဲ့ အလှဟာ
ဆေးရောင် ဆိုးထားတဲ့ နှင်းဆီပန်းအတု တစ်ပွင့်လိုဘဲ
အမြင်မှာ လှပနေပေမဲ့ အဆင်းရနံ့ ကင်းမဲ့တယ်။
ဆေးဆိုးထားတဲ့ ပန်းနုရောင် နှုတ်ခမ်းပါးက
နေပူထဲမှာ ချွေးစက်တွေနဲ့ ရှာဖွေထားတဲ့ အသပြာကို မညှာမတာ
ချူယူစားဘို့ အားမာန်အပြည့်။ စကပ်တိုတိုနဲ့ အင်္ကျီက ကြိုးတစ်ချောင်း
မြင်သူတွေရင်မှာ လှိုက်ဖိုကာ အချောင်ရမယ် စိတ်ကူးနဲ့ လက်တို့ပြီးတော့ မိတ် မဖွဲ့နဲ့နော်။
အောချပ်လမ်းမပေါ် မှာ အလကား ပေးသလိုလိုနဲ့ ။
တကြော်ကြော် အော်နေတဲ့ " ဖား"တွေက ပေါများလွန်းလို့
ပလိုင်းပေါက်နဲ့ ကောက်မကုန်အောင် ဈေးပေါတယ်ဆိုပြီး
ဝယ်စားဖို့လည်း စိတ်မကူးနဲ့။ ချွေးနည်းစာလေး ကုန်သွားမယ်။
ချစ်သူမောင် မေ့ပါးပြင်က ဆေးရောင်ခြယ်မဲ့ သနပ်ခါး
ချစ်သူမောင် ပြန်အလာကို စောင့်မျှော်ရင်း ရန့်လေးက သစ္စာရှိစွာ မွှေးကြူဆဲ။





ချစ်သူမောင်ထံပေးစာ

## မျက်မှောက်တော်၌ *Thian Hnem Par(သဲမြတ်မွန်)*

ကိုယ်တော်ရှင်သာ၊ အလိုအပ်ဆုံး။ နေ့ရက်စဉ်တိုင်း၊ အမြဲဖွေရှာ
ဝင်းလက်နေသော၊ လင်းရောင်အောက်တွင် ပျော်ရွှင်ဖွယ်ရာ၊ တုရန် မရှိ။
ကိုယ်တော်ရှင်သာ၊ အကျွန်ုပ် အဖ ချစ်ခြင်းမေတ္တာ၊ နှိုင်းယှဉ်ရန် မရှိ။
အဖ ဂရုဏာ၊ အစဉ်အမြဲ အံ့ဖွယ် အဖ၊ တုရန် မရှိ။
ကိုယ်တော်ရှင်ဘက်၊ မျက်နာမူလျှက် မတွေဝေနဲ့၊ ဘေးရန်ကင်းမည်။
ချစ်သောမိတ်ဆွေ၊ ခံစားလိုက်ပါ။ နွေးထွေးလှသော၊ မျက်မှောက်တော်၌။

------------------------------------------------------------

Welcome 2013

## Welcome 2013

ဩော် - ဆယ့်သုံးနှစ်ထောင် နှစ်သစ်တောင်၊ ရောက်ခဲ့ပြန်ပေါ့ ကြောင်တောင်တောင်။
မကြောင်ပါနဲ့ ချစ်မိတ်ဆွေ။ နှစ်ထောင့်ဆယ့်သုံး အပ ပျောက်ဆုံးလို့
သတ်မှတ်ကာဖြင့် စိတ်သစ်၊ လူသစ်၊ နလုံးသားသစ်နှင့်
အတွေးသစ် အမြင်သစ် ဝိညာဉ်သစ်များ အားဖြည့်ထားကာ အသစ်ပြုပြင်လို့
နှစ်သစ်လေးကို ကြိုကြစို့။ ***(သမောချီး - ကုန်းမီးနင်းအသင်းတော်။ သာယာဝတီ)***



------------------------------------------------------------

သက်သေခံချက်

## သက်သေခံချက် Jun Joy

အို... အဖဘုရားရှင် ထာဝရဘုရားသခင် နာမတော်မြတ် ဘုန်းကျက်သရေ ကမ္ဘာအဆက်ဆက် ထွန်းလင်းတောက်ပ ပါစေသော် .. အာမင်

ကျွန်ုပ်တို့ ကုမ္ပဏီမှာ လုပ်လုပ်နေတဲ့ ဖိလစ်ပိုင်လူမျိုး မိုက်ကယ်ဟာ မနက်ဖြန် ၂၇ရက်နေ့ နောက်ဆုံး သက်တမ်းကုန်၍ ပြန်တော့မှာမို့ ဒီနေ့ည မန်နေဂျာနဲ့ အတူ စာရေးမ၊ စူပါဗိုက်ဇာ။ အလုပ်သမားများစုပြီး နှုတ်ဆက်ပွဲ လုပ်ကြပါတယ်။ အိန္ဒိယ၊ တရုတ်၊ ဖိလစ်ပိုင် နဲ့ မြန်မာ ဆိုပြီး လူမျိုးကွဲ ဖြစ်သော်လည်း မိသားစုလို ဖြစ်နေကြပြီမို့ မတည့် အတူနေ။ မမြင် ချောင်းကြည့် ဆိုစကားအတိုင်း တစ်ခါ တစ်ခါ စိတ်ဆိုးကြ၊ စိတ်ကောက်ကြ၊ ပြန်ခေါ်ကြ၊ ပြန်ချော့ကြနဲ့ ကြာလာတော့ မိသားစုလို ဖြစ်လာပါတယ်။

မိုက်ကယ်ဆို အခု သက်တမ်းကုန်လို့ ပြန်တော့မယ်ဆိုတော့ မသိစိတ်က ဂမ်းနည်းသလို ခံစားရသော်လည်း အသိစိတ်နဲ့ ပျော်ပွဲ ရွှင်ပွဲ အဖြစ် မိတ်ဆုံစားပွဲ လုပ်ကြပါတယ်။ သခင်ယေရှုရဲ့ ညစာစားပွဲကို သတိရမိပါ၏။ ကိုယ်တော်ဟာ ခမည်း တော်ရဲ့ စေခိုင်းချက် ပြည့်စုံဖို့ ကားတိုင် မတက်ခင် ညစာ စားပွဲမှာ ကိုယ်တော်ရဲ့ ရင်ထဲမှာ ဘယ်လိုရှိနေမယ်ဆိုတာ မိတ်ဆွေ ခံစားကြည့်ပါ။ ကိုယ်တော် ရှိစဉ်မှာ ကိုယ်တော်ကို အပြစ်တင် မြင်သော်လည်း ကိုယ်တော်ဟာ ချော့တစ်ခါ ချောက်တစ်လှည့်နဲ့ သူ့တပည့်တွေကို အစဉ်ပဲ ခွင့်လွှတ်ပြီး သွန်သင်ခဲ့ပါတယ်။

ဒီမိတ်ဆုံ စားပွဲမှာ ဟင်းသီးဟင်းရွက်က တစ်စားပွဲ၊ အသားဟင်းက တစ်စားပွဲဆိုပြီး စားပွဲ ၂ခု ခွဲထားပါတယ်။ ကျွန်ုပ်က အသားဟင်း စားပွဲမှာ ထိုင်ပြီး တဖြည်းဖြည်းချင်း စားနေပါတယ်။ မဖြည်းလို့လည်း မရဘူးလေ။ ကျွန်ုပ်ရဲ့ ဘယ်ဘက်အောက်ခြမ်း အံသွားက ပိုးစားထားလို့ ဖာထေး ထားရတာမို့ ညာဘက်တစ်ခြမ်းနဲ့ဘဲ အားပြုရင်း စားရပါတယ်။ ထို့ကြောင့် ကြာလာတော့ ချဉ်ငန်စပ် သုံးမျိုး ပြိုင်စားတာ မခံနိုင်တော့ပဲ သွားဖုံးသရေများ ကွာလာ ပါတော့တယ်။ ထို့ကြောင့် ဘယ်ဘက်ခြမ်းကို ခဏပြောင်းပြီး စားကြည့်ရာ တစ်ခါတည်းနဲ့ဘဲ အသားစက ဖာထေးတဲ့ သွားကြားထဲ ညှပ်သွားတာ သွားကြား ထိုးလို့လည်း မရ၊ လက်နဲ့ ကော်ထုတ်ဖို့ ကလည်း အခက်ကြုံ ရပါတော့တယ်။ ဒီအရာလေးကို ခံစားရတော့ ဘုရား သခင်၏ သွန်သင်ခြင်းကို ခံရပါတယ်။

ကျွန်ုပ်တို့ရဲ့ အသက်တာဟာ သခင်ယေရှု ခရစ်တော်ရဲ့ အသွေးနဲ့ ရွေးဝယ်ထားပြီး သခင်ယေရှု ခရစ် အပိုင် မို့လို့ ဘာတစ်ခုမှ အပြစ်နဲ့ မပတ်သက်တော့ပါဘူး။ သေးသေးလေး အပြစ်တောင် ပတ်သက်လို့ မရတော့ပါဘူး။ သခင်ယေရှု ခရစ်တော်က အလွန် သန့်ရှင်းသောကြောင့် အဖြူပေါ် အမဲစက်ကျတဲ့ခါ ထင်ရှားသွားတာထက် အပြစ်တစ်ခုကို ကာယကံ၊ ဝစီကံ မပြောနဲ့ ပြစ်မှားမိတာတောင် အပြစ်တရားက ထင်ရှားစွာ ပေါ်လာပါတယ်။ *သုတ္တံ ၂၀း၂၇ လူ၏ စိတ်ဝိညာဉ်သည် ကိုယ်အတွင်း၌ ရှိရှိသမျှတို့ကို စစ်ဆေးသော ထာဝရဘုရား၏ မီးခွက်ဖြစ်၏။* ဒီနေ့ ကျွန်ုပ်အသက်တာ အတွက် သခင်ယေရှု ခရစ်တော် ဘုရားကို

ကျေးဇူးတင်ပါ၏။ နောက်နေ့အတွက် ကြိုတင်၍ ကျေးဇူးတင်ပါ၏။ မနေ့က အတွက်လည်း ကျေးဇူးတင်ပါ၏။ မနေ့က ကြိုတင်၍ ကျေးဇူးတင်ရသည်မှာ ဒီနေ့ ဘာ သွန်သင်မလဲ ဆိုတာ မသိသော်လည်း အကောင်းဆုံးဆိုတာ ယုံကြည်သောကြောင့် ဖြစ်ပါတယ်။ ဒီနေ့ ကျေးဇူးတင်ရသည်မှာလဲ မနေ့က ကျေးဇူးတင်ခဲ့သောကြောင့် သွန်သင်ခြင်း ခံရပါတယ်။ ဘုရားသခင်ကတော့ ကျွန်ုပ်ဘက်က ကျေးဇူးတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ သား သမီးတိုင်းအတွက် အကောင်းဆုံးထက် အကောင်းဆုံး ဖြစ်အောင် သွန်သင်ရမှာပဲ ဖြစ်တယ်။ မနက်ဖြန်နေ့အတွက် ကျေးဇူးတော် ချီးမွမ်းရင်း ကျွန်ုပ် အသက်တာနဲ့ ဝိညာဉ်ကို ဒီည ကိုယ်တော် လက်တော်သို့ အပ်နှံပါ၏။ အာမင် ။ ။

Jun Joy ( Thomson )

----------------------

# ဝိညာဉ်နှင့်ရှင်သန်ပါ



## ဝိညာဉ်နှင့်ရှင်သန်ပါ Lahpai Nang kai

သူတပါး မစားနိုင်သော အစားကောင်းတွေ သင် စားနိုင်လို့ ဝမ်းသာခြင်း မရှိပါနှင့်။ သူတပါး မဝတ်နိုင်သော အဂတ်ကောင်းတွေ သင်ဂတ်နိုင်လို့ ဂုဏ်မယူပါနှင့်။ သူတပါး မရနိုင်သော ပျော်ရွှင်မှုကို သင်ရနိုင်၍လည်း မဂါကြွားပါနှင့်။ သူတပါး မလုပ်နိုင်သော အလုပ်ကို သင်လုပ်နိုင်ပြီး အချင်းချင်းရဲ့ ချီးမွမ်းသံကို မခံချင်ပါနှင့်။ ဂုဏ်ယူ ဝါကြွားခြင်းနှင့် အချင်းချင်းရဲ့ ချီးမွမ်းခြင်းကို သင်ရလိုလျှင် သင့်ရဲ့ ရှင်သန်ခြင်းသည် စိတ်နှင့် ရှင်သန်ခြင်းပဲ ဖြစ်ပါသည်။ သင်သည်လည်း စိတ်ရဲ့ အခိုင်းအစေ ဖြစ်လိမ့်မည်။ ကိုယ့်ကိုယ်ကို နှိမ့်ချခြင်းနှင့် တပါးသူ မစားချင်၊ မဝတ်ချင်၊ မလုပ်ချင်သော အရာနှင့် ကိုယ့်ရဲ့ ပျော်ရွှင်မှုကို မရှာပဲ ကြိုးစားနေခြင်းသည် ဝိညာဉ်နှင့် သင် ရှင်သန်နေခြင်း ဖြစ်သည်။ ရှင်သန်ခြင်းရဲ့ အသက်တာမှာ ချည်နှောင်ခြင်း မရှိစေနှင့်။ တပါးသူရဲ့ အပြစ်ကို လွှတ်တော်မူလျှင် သင်သည်လည်း အပြစ်လွှတ်ခြင်းကို ခံရမည်။ သင်လက်ရှိ ခံစား တွေ့ရှိနေသော အရာမှန်သမျှ အားလုံးသည် သခင်ယေရှု ပေးထားသောအရာ ဖြစ်သောကြောင့် စိတ်ပျက်ခြင်း မရှိပါနှင့်။ သင်ခံစားနေရသော ပင်ပန်းခြင်းနှင့် ဆင်းရဲ ဒုက္ခတွေကြား နှိမ့်ချခံရသူ အားလုံးတို့သည် ကောင်းကင် နိုင်ငံတော်ကို ဝင်ရမည်ဖြစ်ပြီး သင့်ရဲ့ ဝိညာဉ်သည်လည်း သခင်ယေရှုနှင့်အတူ ထာဝရရှင်သန်ခြင်းကိုရပြီး ဝမ်းမြောက်ခြင်းကို ရရှိပါလိမ့်မည်။ *ဝိညာဉ်ပကတိ၏ အကျိုးမှုကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ့်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ဂလာတိသြဝါဒစာ ၅း၂၂။ မိန့်တော်မူသည့် အတိုင်း တည်လျှက်နေ၏။ (ဆာလံ ၃၃ း ၉ )*

-----------------------------------

# သက်သေခံချက်

## *သက်သေခံချက်* *(သဲမြတ်မှုန်)* Thian Hnem Par


(ဟာလေလုယာ) ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော အဖ ဘုရားသခင်၏ ဘုန်းတော် ထင်ရှားပါစေ။ (အာမင်) သမီး ကိုယ်တော့်ကို ပြောဆိုထားတဲ့ အတိုင်း သမီးသက်သေခံချက် ဆက်လက်ပြီး ရေးသားလိုက်ပါတယ်။ မိသားစုနဲ့ ဝေးနေတဲ့ သမီးဟာ လူသားထံကနေ ချစ်ခြင်း၊ ယုယမှုတွေထက် သခင်ဘုရား၌သာ တောင်းဆိုခဲ့ပါတယ်။ ယခင်က မိဘတွေ ဘာပဲပြောပြော နားမလည်နိုင်ခဲ့သော်လဲ ကိုယ်တော်ရဲ့ ချစ်ခြင်းမေတ္တာတွေကို ခံစားရလို့ ယခုတော့ သမီးကိုယ်တိုင် ကျမ်းစာဖတ်၊ ဆုတောင်း၍ ကိုယ်တော့် ကို ရှာဖွေခြင်း အားဖြင့် သိရှိလာပါတယ်။ ***ထာဝရဘုရား၏ တရားတော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။ ထာဝရဘုရား၏ သက်သေခံတော်မူချက်သည် ဟုတ်မှန်သည်ဖြစ်၍ မလိမ္မာသောသူကို လိမ္မာစေတတ်၏ ( ဆာလံ ၁၉း၇ )***

(၂-၄-၂၀၁၂) ၃နာရီ ဝန်းကျင်လောက်က ဖြစ်ပျက်သော အရာလေးကို ဝေငှချင်ပါတယ်။ သမီးရဲ့ အိမ်ရှင်တွေရဲ့ အခန်းက ၄ခန်းရှိပါတယ်။ တစ်ခန်းစီကို သော့ တစ်ခုစီ ရှိပါတယ်။ အခန်း ၁ က သော့ကို အခန်း၂ ကိုဖွင့်၍ မရပါ။ အဲဒီနေ့က သော့ဟာ အခန်း၄ အခန်းမှာ ကျန်ခဲ့ပြီး မတော်တဆ အခန်းက သော့ခတ်ပြီး ပိတ်သွားပါတယ်။ မည်သူ ပိတ်ထားမှန်း မသိပါ။ သမီးက အိမ်ရှင်တွေကို ချက်ချင်းပဲ ဖုန်းဆက်ပြီး ပြောပြပါတယ်။ အိမ်ရှင်က ဒေါသစိတ်တွေပေါ်လာပြီး ဖုန်းချလိုက်တယ်။ အခန်း သော့ခလောက်ကို ဖျက်စီးရန်မှ တပါးအဘယ်မှ မတတ်နိုင်တော့ပါ။ သမီး မကြောက်ရွံ့ပါ။ သမီး ကျမ်းစာကို သတိရလိုက်တယ်။ (ဆာလံ ၃၄း၇) အခန်း ၁က သော့ကိုယူပြီး ဖွင့်ကြည့်သည်။ အခန်း ၂ နဲ့ ၃ က သော့ကိုလည်း ယူ၍ ဖွင့်ကြည့်သည်။ မရမှန်း သိသော်လည်း သမီးက ဆက်လက်ပြီး အကြိမ်ကြိမ်ကြိုးစားနေဆဲ။ သမီးရဲ့ ပတ်လည်မှာ သမီးကို ကာကွယ်ကြည့်ရှုဖို့ ကောင်းကင်တမန်တော်တွေကို သခင်ဘုရား စီစဉ် ပေးထားတာကို သမီးသိပါတယ်။ ရှင်ပေါလု ထောင်ထဲမှာ နေစဉ်တွင် ကောင်းကင် တမန်တော်က ထောင်သော့ကို ပွင့်စေ၏။ သမီးဟာ ဤဖြစ်ရပ်ကို သမီး မျက်စိဖြင့် ကိုယ်တွေ့ မမြင်သော်လည်း နှုတ်ကပတ်တော်က ဖော်ပြထားသည်ဖြစ်၍ သမီး ယုံကြည်၏။ သမ္မာ တရားသည် သမီးအတွက်နှင့် အားလုံးအတွက်ပါ။ အလင်းဖြစ်၏ အသက်လည်းဖြစ်၏။ အခြား အခန်းက သော့ကို ကိုင်ထား၍ သမီးဆုတောင်းသည်။ ကိုယ်တော် ဒီသော့နဲ့ အခန်းတံခါးကို ဖွင့်ပေးပါ။ သို့မဟုတ်လျှင် အခန်းတံခါးကို ဖျက်ဆီးရလိမ့်မည်။ ကိုယ်တော်ရဲ့ စကားတစ်ခွန်းလေးနှင့် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းခဲ့တယ်။ ကိုယ်တော်ရဲ့ စကားတစ်ခွန်းက သမီးကို အသက်ရှင်စေတယ်။ အခန်း တံခါးဖွင့်ဖို့လဲ ကောင်းကင် တမန်တော်ကို အမိန့်ပေးတော်မူပါ။ ကိုယ်တော့် သမီး ဆုတောင်းသံကို ကိုယ်တော် ကြားရဲ့လား။ သမီးကို အဖြေပေးတော်မူပါ။ ကိုယ်တော်ဟာ တကယ် အသက်ရှင်တဲ့ ဘုရားသခင်ဖြစ်တယ်ဆိုတာ သမီးယုံပါတယ်။ ကောင်းကင်တမန် ကို သော့ဖွင့်ဖို့ရန် မိန့်တော်မူပါဟု သမီးဆုတောင်းခဲ့တယ်။ ဆုတောင်းပြီး ဖွင့်ကြည့်လိုက်တော့ တကယ်ပဲ အခန်းသော့က ပွင့်သွားတယ်။ ဘုရားသခင်၏ နာမတော် ဘုန်းကြီး ပါစေ။ အိမ်ရှင်တွေ ပြန်လာတော့ သူဌေးမက မယုံပါ။ ဘာဖြစ်လို့လဲဆိုတော့ သော့က အခန်းထဲမှာဆိုရင် မည်သည့် သော့နှင့်မျှ ဖွင့်၍မရပါ။ သမီးက အကြောင်းစုံ ရှင်းပြပါသည်။ အခန်း တံခါးကို တမင်သက်သက် ပိတ်ခတ်ထားပြီး ခုနက သော့နှင့် ပြန်ဖွင့်ကြည့်သည်။ သို့သော် ခုနက ဖွင့်လို့ရခဲ့တဲ့ ဒီသော့က အခုတော့ ဖွင့်လို့ မရတော့ပါ။ သမီး ခုနက ဖွင့်လို့ရခဲ့တာ ဒီသော့ ပဲ။ ဘာလို့ အခုပြန်ဖွင့် မရတာလဲ။ သမီး အဖြေ သိသည်။ ခုနက ဖွင့်လိုက်တာသောကြောင့် မဟုတ်ပါ။ ကောင်းကင်တမန်တော်က ဖွင့်ပေး လိုက်တာပါ။ ဒီအဖြစ်အပျက်က လက်တွေ့ပါ။ ယုံကြည်သူတွေရဲ့ အနီးအပါးမှာ ကောင်းကင်တမန်တွေဟာ သမီးတို့ကို ကာကွယ်စောင့်ရှောက်ဖို့ အမိန့် ပေးတော်မူသော သူဟာ ကိုယ်တော်ဖြစ်ပါတယ်။ ခက်ခဲခြင်းများ ကြုံတွေ့လျှင် ကိုယ်တော်ကို ခေါ်ပါ။ ကိုယ်တော် ထူးလိမ့်မည်။ နာမတော်ကို ချီးမွမ်းကြစို့။ ကိုယ်တော် သမီးတို့အပေါ် ပြုထားသော ကျေးဇူးတော်ကို သိတော်မူလျှင် သက်သေခံကြစို့။ သတင်းကောင်းတွေကို ဖြန့်ဝေကြစို့။ နိုင်ငံတော်ကျယ်ပြန့်ဖို့ တို့တတွေ ပါဝင်ကြစို့။ တနေ့တွင် ၂၄ နာရီရှိ၏။ တနေ့တွင် သူငယ်ချင်းနှင့် ဖုန်း ၁နာရီလောက် ပြောဖို့ အချိန် ပေးနိုင်ရင် ကိုယ်တော် ကျေးဇူးကို ချီးမွမ်းဖို့ ၁၀မိနစ်လောက် အချိန်ပေးနိုင်ကြသလား။ စဉ်းစားကြည့်ပါ မိတ်ဆွေ။ ကျေးဇူးတော်ကို ချီးမွမ်းဖို့ အချိန်ပေးကြစို့။ စာဖတ်သူ အားလုံး ဘုရားသခင် ကောင်းကြီး ပေးပါစေ။ ဝိညာဉ်တော် လမ်းပြပါစေ။ သွန်သင်ပါစေ။ ချီးမွမ်း နိုင်သူများ ဖြစ်ကြ ပါစေ။ ။ အာမင်

..........................................................

# သက်သေခံချက်

## သက်သေခံချက် ဖိုးဆီ ( ZSL )



ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဘုရားသခင်သည် အရာ အားလုံးကို တတ်စွမ်းနိုင်သည်။ ကျွန်မ စင်ကာပူကို လာဖို့ အားလုံး ပြင်ဆင်ပြီးမှ ဆေးစစ် လိုက်တော့ အဆုတ်မှာ အမာရွတ်ရှိလို့ လာလို့မရဘူး။ လူတိုင်းပြောတော့ ကျွန်မ ဝမ်းနည်း သွားပါတယ်။ ဒါပေမဲ့ ယုံကြည်ချက် အပြည့်နဲ့ တီဗီဆေး ၆ လစားပြီး လာခဲ့တယ်။ အခုဆို ၂နှစ်ပြည့်သွားပြီ ဒီအတောအတွင်း ပြဿနာတွေနဲ့ အမြဲ ရင်ဆိုင်ရတယ်။ အိမ် ၂အိမ် လုပ်ရတော့ မြန်မြန်လုပ်တိုင်း အမှားပါတယ်။ ကျွန်မ လုပ်တဲ့ အလုပ်ဟာ တခုခု ဖြစ်သွားရင် ကျွန်မအရင် ဆုတောင်းပြီးမှ အိမ်ရှင်ကို ပြောတယ်။ ကျမ ပြဿနာနဲ့ ကြုံတွေ့တဲ့အခါ အမြဲရွတ်တဲ့ ကျမ်းချက်လေးက ရှင်မဿဲ ၁၁း၂၈-၃၀ ဘုရားသခင်က ကျမကို မဆူအောင် အမြဲကာကွယ် ပေးခဲ့တယ်။ စာရေးဖို့ ည အရမ်းပျင်းတယ်။ သက်သေခံဖို့လည်းမခံရဲဘူး။ (ပ)ကြိမ် သက်သေခံခြင်းပါ။ ဒီလိုခံဖြစ်တာလဲ ၂၉-၁-၂၀၁၂ အိမ်ရှင် အပြင်သွားတယ်။ ညစာအတွက် ဘာမှမပြောခဲ့ဘူး။ မေးရင်လည်း မကြိုက်ဘူး။ ဒါကြောင့် အမြဲတမ်း ပြန်လာတဲ့ အထိစောင့်ပြီးမှ ချက်ပြုတ်ရတယ်။ ဖြစ်ချင်တော့ အဲဒီနေ့က ကလေး၂ယောက်ကျန်ခဲ့တယ်။ ၁နာရီ ၁ခါစားဖို့ အမျိုးမျိုးလုပ်ပေးရတယ်။ အိမ်ရှင် ခယ်မလည်း အဲဒီနေ့မှ ညနေ ၇း၃၀ က ပြန်ခဲ့တယ်။ ကျမက ကားနဲ့ သွားပြီး အဲဒီကားနဲ့ပဲ ပြန်ရတယ်။ အမြဲတမ်း ကား နောက်ဆုံးအချိန် ည ၈း၃၀ မှပြန်ရတယ်။ အဖွားက ၇း၃၀ပြန်လာခိုင်းတယ်။ Ma’am က အပြင်သွားတော့ ကျမ ၇း၃၀ အဖွားအိမ်ကို ပြန်သွားခဲ့တယ်။ ညစာအတွက် ဘာမှ မပြင်ခဲ့ဘူး။ စာဖတ်သူတို့ စဉ်းစားကြည့်ပါ။ ကလေး၂ယောက်ကျန်ခဲ့တယ်။ ညစာလည်း မပြင်ခဲ့ဘူး။ မနက်ဖြန်သွားတဲ့ အခါမှာ သေချာပေါက်ဆူမှာပါ။ ဘုရားသခင်ကို အရင်က ဆုတောင်း တာထက် ပိုပြီးဆုတောင်းခဲ့တယ်။ မနက်ဖြန် သွားတဲ့အခါ သမီးကို မဆူအောင် ပြင်ဆင်ပေးပါလို့။ ဘုရားသခင် ကောင်းမြတ်ကြောင်း ဒုက္ခရောက်တိုင်း ဘယ်တော့မှ Ma’am မဆူအောင် ကာကွယ်ခဲ့တာကို သခင့်စကား စာစောင်မှာ သက်သေခံပါမယ်လို့ ဆုတောင်းပြီး မခံဖြစ်ခဲ့ပါဘူး။ Ma’am က အမြဲပြောနေကျ နင် အလုပ်ချိန်က တစ်နေကုန် မဟုတ်ဘူး။ နာရီပိုင်းပဲ ပေးတာတဲ့။ လစာ ၃၅၀ များတယ်တဲ့။ သူများတွေ တနေကုန်လုပ်တဲ့ အလုပ်ကို ကျမက နာရီပိုင်းနဲ့ ဆပ်ပြာသည် လင်ပျောက်နည်း လုပ်တာပါ။ ၂နှစ်ပြည့်ရင် မလုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ကျမရဲ့ ညီမက ၂၀၁၂ စက်တင်ဘာမှာ စာချုပ်ပြည့်မှာဆိုတော့ နောက်ထပ် ၂နှစ် ဆက်လုပ် ဖြစ်တယ်။ ကျမ လုံး၀ မမျှော်လင့်ထားဘူး။ Ma’am ကျမကို ၁၂ ဇန်နဝါရီက ၅၀ ဒေါ်လာ တိုးပေးမယ်တဲ့ ၂၅-၁၂-၂၀၁၁ မှာ ကျမ ၂နှစ် ပြည့်သွားတာပါ။ သူများတွေ ဆက်လုပ်




သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၃၈ ဖေဖော်ဝါရီလ ၂၀၁၃ ခုနှစ်၊
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ရင် တိုးပေးကြတယ်။ ကျမလည်း လိုချင်ခဲ့တယ်။ ဒါပေမဲ့ ဆုမတောင်းခဲ့ဘူး။ အသိတယောက်က လိုချင်တာ ဘုရားဆီ ဆုတောင်းမှရတာ မတောင်းရင် သေတာတောင် မရဘူးတဲ့။ ငါကတော့ ဘုရားအလိုရှိရင် ရမယ်။ အလိုမရှိရင် မရဘူးလို့ ပြောခဲ့တယ်။ ဒါပေမဲ့ လိုချင်တာပေါ့။ Ma’am ရဲ့ စိတ်ကို ဘုရားက တို့ထိလိုက်တော့ အခု $ 400 ကို ၁၂-၁-၂၀၁၂ စပြီးပေးတယ်။ ဘုရားရဲ့ ကျေးဇူးတော် အလွန်ချီးမွမ်းပါတယ်။ ကျမရဲ့ ခွင့်ရက်က နောက်ကျမှထွက်ပြီး စောစောပြန်ဝင်ရတယ်။ သတ်မှတ်တဲ့ အချိန်အမြဲကျော်မှ ရောက်ခဲ့တယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ကျမကို တခါမှ မဆူခဲ့ဘူး။ Ma’am ရဲ့ ယောက်ခမ ၁၉ ဧပြီမှာ မလေးရှားသွားတယ်။ ကျမ Ma’am ရဲ့ အိမ်က မနက်စောစောသွားပြီး နောက်ကျမှပြန်ရတယ်။ အဖွား ၃၀ရက်မှာ ပြန်လာမယ်။ သူပြန်မလာခင် ၁ ရက်ကြိုပြီး မုန့်ကြိတ်ရမယ်တဲ့။ ဒါနဲ့ကျမ ၂၉နေ့မှ ကြိတ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ဆန်ကို ၁၁နာရီ လောက်ကြာ ရေစိမ်ပြီးမှ ကြိတ်ရတာ။ အဲဒီနေ့ မနက် ကျမ မေ့ပြီး ဆန်ကို ရေ မစိမ်ခဲ့မိဘူး။ ညပြန်လာမှ ၂နာရီ ရေစိမ်ပြီး ကြိတ်လိုက်တယ်။ အဲဒီလို ခဏလေးစိမ်ပြီး ကြိတ်ရင် မုန့်နှစ်နဲနဲပဲ ရပြီး မုန့်လုပ်ရင်လည်း ပျော့ပျော့လေး မရပဲ မာနေတယ်။ ကျမ ယုံကြည်နေတယ် ဘုရားသခင် ကျမရဲ့ ပြဿနာကို ကူညီမယ်ဆိုတာ။ ပြီးတော့ မုန့်ကြိတ်ရင် မနက်ကြိတ်မှ များများရတာ ညဘက် နောက်ကျမှကြိတ်ရင် မုန့်နှစ် နဲနဲပဲ။ တိုးမလာဘူး။ ဒါနဲ့မနက် ၆နာရီ ထတော့ ကျမ ထည့်ထားတဲ့ မုန့်နှစ် နဲနဲလဲ မတိုးဘူး။ ရေလဲ ၂နာရီစိမ်ပြီး ကြိတ်တာ နောက်ကျတာ။ ဘာမှ မထူးခြားဘူး။ ဘုရားသခင် အဖွားပြန်လာရင် သမီးကို သေချာပေါက်ဆူမှာ သမီးတော့ ဒီတခါ ဒုက္ခရောက်ပြီး ဆိုပြီး စိတ်ညစ်သွားတယ်။ ဒါနဲ့ ကျမ ချက်ပြုတ်ရင်း ၁၁နာရီ ကြည့်တဲ့အခါမှာ မုန့်က ကျမ အရင်လို ကြိတ်သလိုမျိုး မုန့်နှစ် တိုးတာ တွေ့ရတယ်။ ကျမ အရမ်းဝမ်းသာတယ်။ ကျေးဇူးတင်ပါတယ်လို့ ဆုတောင်းပြောခဲ့တယ်။ ဒါနဲ့ ကျမ ဘာသိလိုက်သလဲဆိုတော့ ဒီနေရာမှာ ကျမက ယုံကြည်သူ မဟုတ်ရင် ဒီ မုန့်နှစ် တိုးမှာ မဟုတ်ဘူးဆိုတာ သိလိုက်တယ်။ အခက်အခဲပြဿနာနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ ယုံကြည်ခြင်း အပြည့်နဲ့ ဆုတောင်းပါ။ စိတ်နှစ်ခွလည်း မထားပါနဲ့။ ကျမဆို အမြဲ ဆုတောင်းတိုင်း ယုံကြည်ခြင်း အပြည့်နဲ့ပဲ ဆုတောင်းခဲ့တယ်။ ကျမကို ဘုရား သခင် ကူညီ ကွယ်ကာခဲ့တာ ပြောရရင် ကုန်မှာ မဟုတ်ပါဘူး။ အယောက်စီတိုင်း ကျမ ရေးပြချင်တာ ဘယ်လိုအခက်အခဲနဲ့ ရင်ဆိုင်ရပါစေ။ ရတဲ့ ကျမ်းချက်လေးကို ရွတ်ပြီး အရင် ဆုတောင်းပါ။ ပြီးမှ အိမ်ရှင်ကိုပြောပါ။ ဘုရားသခင်က အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးလိမ့်မယ်။ မြည်းစမ်းကြည့်ပါ။ ကျမ ကိုယ်တွေ့တွေ့ပါ။

-----------------------------------

## သက်သေခံချက်

***သက်သေခံချက်*** *(ဝက်ကလေး-ရန်ကုန်)*



*ယောဘ ၂၂း၂၁ ဘုရားသခင်နှင့် အကျွမ်းဝင်၍ မိတ်သဟာယဖွဲ့လော့။ ထိုသို့ ပြုလျှင် ကောင်းစားခြင်းသို့ ရောက်ရလိမ့်မည် ။*

အမြင့်ဆုံးသော ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မလို အပြစ်သားကို ရွေးနှုတ်ပြီး ကယ်တင်ပေးသော ဘုရားရဲ့ နာမ တော်ကို ချီးမွမ်းပါတယ်။ ဘုရားသခင်ကြီးမြတ်ခြင်း အကြောင်းကို သက်သေခံချင်ပါတယ်။ ကျွန်မရဲ့ အသက်တာမှာ စင်္ကာပူနိုင်ငံမှာ လာအလုပ်လုပ်ဖို့ တခါမှမ စဉ်းစား ခဲ့ပါဘူး။ ဒီနေ့ ဒီအချိန်မှာတော့ ကြီးမြတ်တဲ့ ဘုရားရဲ့ ကျေးဇူးတော်ကြောင့် ဒီ နိုင်ငံကြီးမှာ အလုပ်လုပ်ခွင့် ရရှိနေပါပြီ။ (ပ)ချက်အနေနဲ့ သက်သေ ခံချင်တာကတော့ ၁၆.၆.၂၀၁၀ မှာ မြန်မာပြည် ကနေပြီး စင်္ကာပူနိုင်ငံမှာ အလုပ်လုပ်ဖို့ ထွက်လာခဲ့ပါတယ်။ ဒီကိုရောက်တာနဲ့ ပြန်ပြေးချင်စိတ်တောင် ပေါက်ခဲ့မိပါတယ်။ ဆေး သွားစစ်တော့ ကျွန်မ ဆုတောင်းမိတယ် ဆေးမအောင်ဘဲ ပြန်သွားရဖို့။ ဒါပေမဲ့ ကျွန်မရဲ့ အရှင် ဖြစ်တဲ့ ဘုရားသခင်က ကျန်းမာခြင်း အပြည့်အဝပေးခဲ့ပါတယ်။ ကျွန်မ လောက် မိုက်မဲပြီး စုတ်ပြတ်သတ်တဲ့သူဟာ ဒီကမ္ဘာပေါ်မှာ ရှိမှာတောင် မဟုတ်ပါဘူး။ ဒီလိုနဲ့ အလုပ်လုပ်ရမဲ့ အိမ်ကို ၂၄-၆-၂၀၁၀ မှာ ရောက်လာခဲ့တယ်။ ကြည့်လိုက်တော့ (၈၂)နှစ် အဖွားအို ခြေထောက်ကျိုး၊ မျက်စိမမြင် အောက်ဆီဂျင်ပိုက်၊ အစာပိုက်တန်းလန်းနဲ့ အိမ်ယာပေါ်မှာ ပက်လက်ပါ။ အဲဒီအချိန်မှာ ကျွန်မ စိတ်ထဲမှာ ဟာသွားပြီး ဒီနေ့ သေမလား။ မနက်ဖြန်သေမလား။ မသိရတဲ့ လူနာကို လာကြည့်ရပြီး။ အကယ်၍ များ ပွဲစားကို ပေးရမဲ့ ပိုက်ဆံ မကျေသေးဘဲနဲ့များ သေသွားခဲ့ရင် ဟာ ငါတော့ သေပြီလို့ တွေးမိပါတယ်။ ဒါနဲ့ ကျွန်မလည်း အဲဒီအချိန်ကစပြီး ကြည့်ရမဲ့လူနာကို ဘုရား သခင် လက်ထဲပဲ အပ်နှံလိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၁ပေ ၅း၇ မှာ သင့်ကို သတိနှင့် ကြည့်ရှုတော်မူသောကြောင့် သင်တို့၌ စိုးရိမ်ခြင်းအမှုရှိသမျှကို ကိုယ်တော်၌ အပ်နှံ ကြလော့ ဆိုတဲ့ ဘုရားရဲ့ ဂတိတော်ကြောင့်ဘဲဖြစ်ပါတယ်။ ပထမ အစပိုင်းတော့ ကျွန်မ အရမ်း ဝမ်းနည်းတယ်။ Sundayမှာ ဘုရားကျောင်းမသွားရပဲ သူတို့တွေ နတ်တွေကို ရှိခိုးတာကိုပဲ ကြည့်နေရတယ်။ အဲဒီလို မြင်တွေ့ရတဲ့အခါ စိတ်ထဲမှာ ဘယ်လို ဖြစ်မှန်းမသိဘူး။ တအားကို ငိုချပစ်လိုက်တယ်။ ဆရာမက ဘာကြောင့်လဲ မြန်မာပြည်ကို လွမ်းလို့လား ဘာညာပေါ့။ အမှန်တကယ်တော့ သူတို့ သက်မဲ့တဲ့ အရာတွေကို ရှိခိုးတာကိုကြည့်ပြီး မျက်ရည်ကျခဲ့တာပါ။ ဘုရားသခင်ဆီမှာ ဆုတောင်းရင်းနဲ့ အဖွားကို ပြုစုစောင့်ရှောက်ခဲ့ပါတယ်။ ဆရာမက နင်က လူကောင်သေးတယ်။



ငါ့ ယောက္ခမကို ကြည့်နိုင်ပါ့မလားဆိုပြီး အထင်သေးတဲ့ မျက်လုံးတွေနဲ့ ကြည့်နေခဲ့တယ်။ အဲဒီအချိန်မှာ ဆာလံ ဆရာဒါဝိဒ် မင်းကြီးကို သတိရမိတယ်။ ဒါဝိဒ်က ဘုရား ပေးတဲ့ ခွန်အားနဲ့ သန်မာထွားကြိုင်းတဲ့ လူ့ဘီလူးကြီး ဂေါလျတ်ကို တိုက်ခိုက် ချေမှုန်းနိုင်ခဲ့တာကိုတွေ့ရမှာ ဖြစ်တယ်။ အဲဒီ အချက်ကို ခွန်အားယူပြီး ဘုရားသခင်ကို စက္ကန့်နဲ့အမျှ အားရင် အားသလို စကားပြော ဆုတောင်း သွားတဲ့အခါ ဆရာ/မ တင်မကဘူး။ သူတို့ဆွေမျိုးတွေရဲ့ နှလုံးသားကိုတောင် အပိုင်ရခဲ့တာ ဖြစ်တယ်။ အရာအားလုံးဟာ ဘုရားသခင် ကျေးဇူးတော်ကြောင့် အဆင်ပြေ ချောမွေ့စွာနဲ့ လူနာ အဖွားကို စောင့်ရှောက်ခွင့်ရခဲ့တယ်။ အဲလို အရာအားလုံး အဆင်ပြေနေပေမဲ့ စိတ်ထဲမှာ ပျော်ရွှင်မှု မရှိခဲ့ဘူး။ ဘာကြောင့်လဲ ဆိုတော့ ဘုရားကျောင်း မသွားရတဲ့ ပြဿနာ။ ဒီအချိန်မှာ စဉ်းစားမိတာ တစ်ခုက ယုံကြည်သူတွေ တော်တော် များများ ပြောတဲ့ စကားကို သတိရမိတယ်။ ဘုရားကျောင်း မသွားလဲ ရတာပဲ။ ဘုရား သခင်က နေရာတိုင်းမှာ ရှိတာပဲ။ ဘယ်မှာ ရှိခိုး ရှိခိုး ရတာပဲလို့ ပြောတဲ့စကားက ကျွန်မ အတွက်တော့ မမှန်ကန်ခဲ့ပါဘူး။ ဒီလို သူတပါး နိုင်ငံမှာ အလုပ်လုပ်ချိန်မှာ ဘုရား ကျောင်းမသွားရ၊ တရားဟောချက်တွေ မကြားနာရဆိုရင် ကြာရင် ကျွန်မ ဝိညာဉ်မီးကလေးတော့ ငြိမ်းပြီး သေသွားတော့မှာပဲ ဆိုပြီး ငိုပြီး ဘုရားကို ရင်ဖွင့်ရတဲ့ ရက်ပေါင်း မနည်း ရှိခဲ့ပါတယ်။ တစ်ခါ တစ်ခါကျတော့ ကျွန်မ ဘုရားဆီမှာ အကောင်း ဆုံး မိတ်ဆွေ တစ်ယောက်လောက် ပေးပါဆိုပြီး တောင်းခဲ့တယ်။ ဒါပေမဲ့ ဘုရားသခင် မလိုအပ်တဲ့ အတွက်ကြောင့် လုံးဝကို မပေးခဲ့ဘူး။ သီချင်းလေးတစ်ပုဒ်ကို သတိရမိတယ်။ “ အကောင်းဆုံးမိတ်ဆွေ ယေရှုရှင် ဖြစ်သည်။ လဲနေသောအခါ သူသည် ထူမလိမ့်မည်။ ဒုက္ခရောက်စဉ် ကယ်တင် စောင်မ နေလိမ့်မည် .. မိတ်ဆွေစစ် မိတ်ဆွေမြတ် ယေရှုဘုရား၊ နှမ်းနယ် ပင်ပန်းသူများ သူ့ထံလာ ပြည့်စုံသော အသက်တာ ထာဝရ အသက်ပေးမည် ” ဒီသီချင်းအားဖြင့်ပဲ ခွန်အားတွေ ပြည့်လာပြီး ကျွန်မအတွက် အကောင်းဆုံး မိတ်ဆွေ ယေရှုရှိကြောင်းကို ခိုင်မာစွာ သိလာခဲ့ရပါတယ်။ ကျွန်မရဲ့ အလုပ်ရှင် အိမ်မှာလည်း ကိုယ့်စိတ်ကြိုက် နေခွင့်ရတယ်။ ဓမ္မသီချင်း ကိုလည်း ကြိုက်တဲ့ အချိန်မှာ ဖွင့်ခွင့်ရှိပြီး လွတ်လပ်စွာ ချီးမွမ်းခွင့်၊ ဆုတောင်းခွင့်၊ ကျမ်းစာ ဖတ်ခွင့်တွေ အများကြီးရခဲ့ပါတယ်။ ၄၊ ၅လ လောက်ကြာလာသောအခါ ဆရာမနဲ့ ပိုရင်းနီးလာတယ်။ သူက ပြောတယ် သူ့ ယောက္ခမကို ဆရာဝန် တွေက သိပ်မကြာတော့ဘူး ၂၊ ၃လ လောက် ဆိုရင် သေချင်သေ သွားလိမ့်မယ်။ အကောင်းဆုံးကတော့ အိမ်ကို ပြန်ခေါ် သွားပါလို့ ပြောခဲ့တာ ဖြစ်တယ်။ အဲဒီအချိန်ကျမှ ကျွန်မကို ပြောပြခဲ့တာဖြစ်တယ်။ အဲဒီအချိန်မှာ သူ ဘယ်လိုပဲပြောပြော အသက်ရှင်သော ဘုရားက ကျွန်မနဲ့ အမြဲ အတူရှိပြီး လမ်းပြခဲ့တယ်။ ကိုယ်တော်ရှင် အခွင့်မရှိရင် စာငှက်ကလေး တောင် မြေပေါ်မှာ ကျခွင့်ရယ် တကယ်မရှိဘူး။ ဆိုတဲ့ အချက်ကလေးက ခွန်အားတွေ အပြည့် ရှိစေပါတယ်။ အဖွားက ညဆိုမအိပ်၊ တချိန်လုံး အော်နေတော့ ဘယ်လိုမှ အိပ်လို့ မရခဲ့ပါဘူး။ ကြာလာတော့ လူ့ဇာတိလေးက ပေါ်လာတယ်။ အဖွားကို ထားခဲ့ပြီး တစ်ခြား နေရာမှာ သွားအိပ်ပစ်လိုက်တယ်။ အဖွားက အော်လွန်းတော့ ဆရာ/မ လည်း အိပ်မရတော့ လာထကြည့်ကြပါတယ်။ အဲဒီအချိန်မှာ ကျွန်မကို မတွေ့တော့ လိုက်ရှာကြပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ကျွန်မကို မဆူ မဆဲ ဘာမှ မပြောတဲ့ အပြင် သူတို့တွေ နားလည်ပေးတဲ့ အကြောင်း သူတို့ စိုးရိမ်တာက သူတို့ အမေကို ထားခဲ့ပြီး ပြန်မသွားဖို့ ပြောကြပါတယ်။ အရမ်း အံ့သြမိတယ်။ ဘာကြောင့်လဲ သူတို့တွေက ဘာမဟုတ်တဲ့ ငါ့ကို မဆူမဆဲတဲ့ အပြင် လိုက်ချော့နေတယ်။ *(တရားဟော ၂၈း၁၃)* ကိုချက်ချင်း သတိရမိပါတယ်။ ဘုရားသခင်က သူ့သား/သမီးတွေကို ဘယ်တော့မှ အမြီး မဖြစ်စေပဲ ဦးခေါင်းပဲ ဖြစ်ခိုင်းတယ် ဆိုတဲ့ သမ္မာကျမ်းလေးပါ။ ကျွန်မ ရှိသမျှအရာ အားလုံးကို ဘုရားလက်ထဲ အပ်နှံလျှောက်လှမ်း သွားတဲ့အခါ ဘုရားသခင်ကဘဲ အစအဆုံးကို တာဝန်ယူ သွားတာဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ သမီးလေး ဖြစ်ခွင့်ရတာ တကယ်တန်ဖိုး ရှိပါတယ်။ အိမ်မှာ လုပ်နေပေမဲ့ ဘုရားသခင်နဲ့ အကျွမ်းဝင် မိတ်သဟာယဖွဲ့တော့ ဇိမ်ကလေးနဲ့လည်း နေလို့ရတယ် ဆိုတဲ့


အကြောင်း သက်သေ ခံလိုက်ပါတယ်။ *(၁ပေ ၅း၇ သင်တို့ကို သတိနှင့် ကြည့်ရှု တော်မူသောကြောင့် သင်တို့၌ စိုးရိမ်ခြင်းအမှု ရှိသမျှတို့ကို ကိုယ်တော်၌ အပ်နှံကြလော့။ မဿဲ ၁၀း၂၉(ခ) သင်တို့အဘ အခွင့်မရှိလျှင် ထိုစာငှက် တကောင်မျှ မြေသို့မကျရ။)* **ဝင်္ကကလေး**

---

# ဆုတောင်းခြင်းဖြင့်အနာဂါတ်ကိုဆက်ကပ်ကြစို့

## ဆုတောင်းခြင်းဖြင့်အနာဂါတ်ကိုဆက်ကပ်ကြစို့

*Khin Lay (Lashio)*



ကောင်းကြီးများစွာထဲက တစ်ခု။ တကယ့်ကို တိတိကျကျ ရရှိလိုက်တဲ့ ကောင်းကြီး မင်္ဂလာတစ်ခုကို သက်သေခံချင်ပါတယ်။ ကျမ ဒီနိုင်ငံကို အိမ်အလုပ်နဲ့ လာဖို့ ၂၀၀၇ခုနှစ် မေလမှာ စပြီး ပွဲစားနဲ့ အတူ ပတ်စပို့ လုပ်ခဲ့တယ်။ အသက်မပြည့်လို့ ပြဿနာပေါင်းစုံ ငွေကုန်ကြေးကျ ခံပြီး နောက်ဆုံး ဒီနိုင်ငံကို ရောက် မလာရပဲ စာအုပ် ကိစ္စနဲ့ ပြဿနာပေါင်းစုံ တက်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်ကုန်မှာ ဒုတိယအကြိမ် ပတ်စပို့ ပြန်လျှောက်ခဲ့တယ်။ မှတ်ပုံတင်၊ အိမ်ထောင်စု စာရင်းပါ အသစ် ပြောင်းလိုက်ရတယ်။ မိဘတွေကို ပြဿနာတွေ၊ ဒုက္ခတွေ ပေးခဲ့တယ်။ ထူးခြားတာကတော့ ဘုရားနဲ့ တိုင်ပင်ဖို့ မေ့နေခဲ့တယ်။ ခေါင်းထဲမှာ ပတ်စပို့ ရဖို့ပဲ ဆုတောင်းရမှာ။ ဒါပေမဲ့ လူတွေရဲ့ အားကို ကိုးခဲ့တယ်။ နောက်ဆုံးတော့ စာအုပ်ရပါတယ်။ ဒါပေမဲ့ အသက်က မပြည့်သေးတော့ ပြည်ပကို မထွက်ရဲဘူး။ ဒါနဲ့ ရန်ကုန်မှာ ၂နှစ် ဆက်နေပြီး စက်ရုံအလုပ်နဲ့ စောင့်ခဲ့တယ်။ ၂၀၁၀ ဇူလိုင်လ ၂၀ ရက်မှာ မမျှော်လင့်ပဲ ဒီနိုင်ငံကို ရောက်ခဲ့တယ်။ တကယ့်ကို စိတ်ထဲမှာ ဘုရားကို ကျေးဇူးတင်ပြီး ပျော်ခဲ့တယ်။ ဒါပေမဲ့ လောလောဆယ် စာမေးပွဲကို ကြောက်ရ သေးတယ်။ အင်္ဂလိပ် စကားလည်း မပြောတတ်၊ နားမလည်၊ ပွဲစားအိမ်မှာတောင် မြန်မာ ဆိုလို့ ကျမ တစ်ယောက်တည်း ရှိခဲ့တယ်။ နားလည်လိုက်တာက သမ္မာ ကျမ်းစာထဲက ယောသပ်။ ငါ ဆုမတောင်းလို့ မဖြစ်တော့ဘူး။ ငါ့ကို ဘယ်သူမှ မကူညီ နိုင်တော့ဘူး။ တကယ့်ကို တစိမ်းတွေ ကြားထဲမှာ ထွက်ပေါက်ရှာခဲ့မိတယ်။ ဘုရားသခင် အဖြေပေးခဲ့တယ်။ စာမေးပွဲ အောင်တယ်။ ဩဂုတ်လ ၈ရက် ၂၀၁၀ မှာ အိမ်ရှင် လာခေါ် ခဲ့တယ်။ အဲဒီမှာ ကလေးထိန်းရတယ်၊ ချက်ပြုတ်ရတယ်။ တစ်ပတ် အတွင်းမှာတော့ အဆင်ပြေသလိုနှင့် နောက်ပိုင်းမှာတော့ ပြဿနာပေါင်းစုံနှင့် အတူ အစား အသောက်မှာ အဆင်မပြေခဲ့ဘူး။ အိမ်ပြောင်းနိုင်ဖို့ ဆုတောင်းခဲ့တယ်။ ဖုန်း မသုံးရ။ အစ်မ ရှိလျှက်သားနဲ့ မဆက်သွယ်နိုင်ခဲ့ဘူး။ အကြွေးက ၆လ။ လက်ထဲမှာ ဂယ်စားစရာ ငွေတစ်ပြားမှ မရှိခဲ့ဘူး။ အတွေ့အကြုံနှင့် အင်္ဂလိပ် စကား မပြောတတ်တာ။ မသင်ခဲ့တာ တကယ့်ကို နောင်တ ရမိတယ်။ ကလေးနဲ့ ကျောင်းမှာ တခြားနိုင်ငံက အိမ်အလုပ်လုပ်တဲ့ သူတွေကိုတွေ့တော့ ဘယ်လို ပြောင်းရမလဲလို့ မေးခဲ့တယ်။ နောက်ဆုံး အဲဒီ သူငယ်ချင်းတွေက သူတို့ရဲ့ ဖုန်းနဲ့ အစ်မဆီ အဆက်အသွယ်ရခဲ့တယ်။ ဘုရားကို အရမ်း ကျေးဇူးတင်ပြီး ငိုကြွေးခဲ့တယ်။ အစ်မက ပြောတယ်။ ပတ်စပို့ သက်တမ်း ကုန်တော့မယ်။ ပြောင်းလို့မရဘူး။ သီးခံပြီး ဆုတောင်းပါ။ စာအုပ်အသစ် လုပ်နိုင်အောင် အကြွေးကျေအောင် နေလိုက်ပါလို့ ပြောတယ်။ ကျမ ဘဝမှာ တစ်ခါမှ မခံရတဲ့ ငတ်ပြတ်မှုနှင့် အတူ စိတ်ဓာတ် တော်တော်လေးကို ကျခဲ့တယ်။ မပြောတတ်အောင်ကို ခံခဲ့ရတယ်။ ကိုယ့်ရဲ့ ကျန်းမာရေးလည်း ချို့တဲ့လာခဲ့တယ်။ ၂၀၁၁ ဇွန်နဝါရီလအထဲမှာ ကချင် အစ်မ မစ်မိုင်းနှင့် တွေ့ဆုံခဲ့တယ်။ သူက အားပေးတယ်။ အခုငါတို့ လုပ်နေတဲ့ အလုပ်က အိမ်ဖော်တဲ့ မာနကို ညီမရဲ့ ခြေဖဝါးအောက်မှာ ချပါလို့ ပြောတယ်။ သီးခံပြီး အစေခံပါတဲ့။ သူတို့ ဆူရင်လဲ အပြုံးနဲ့သာ ဖြေရှင်းပါတဲ့။ အားတဲ့အချိန်မှာ ဘုရားနဲ့ တိုင်ပင်ပါလို့ ပြော တယ်။ ဒီလိုနဲ့ ကျမလည်း ကျမကိုယ် ကျမ ဆင်ခြင်ရတော့မယ်။ ဆုတောင်း အဖြေ ရှာမယ်ဆိုပြီး အဲဒီည သူဌေးမနဲ့ စကားပြောခဲ့တယ်။ စာအုပ် လုပ်ချင်ကြောင်းနဲ့ အစား အစာအတွက် ပြောပြခဲ့တယ်။ ဆုတောင်းထားသည့် အတိုင်း သူ စာအုပ်လုပ်ဖို့ ခွင့်ပြုတယ်။ အစားအသောက် လုံလောက်အောင် ဝယ်ပေးတယ်။ ဒါပေမဲ့ ခဏသာပါ ၂၀၁၁ မေလမှာ ကျမ စာအုပ်အသစ် လုပ်နိုင်ခဲ့တယ်။ ဒါနဲ့ ပြန်ဖို့ ပြောခဲ့တယ်။ သူက ပြောတယ် နင့်ကိုပြန်ခိုင်းမယ်တဲ့ ဒါပေမဲ့ အချိန်၂လ ပေးပါတဲ့။ ကျမ အရမ်းကို ပျော်သွားတယ်။ ၂၀၁၁ ဇူလိုင် ၇ရက် ကျမမွေးနေ့မှာ မွေးနေ့ပွဲကို အပြင် စားသောက်ဆိုင်တစ်ခုမှာ ကျမ အစ်မနဲ့ အတူမွေးနေ့ပွဲ ကျင်းပပေးတယ်။ ဖုန်းတစ်လုံး လက်ဆောင် ပေးတယ်။ အဲဒီနေ့ အစ်မနဲ့အတူ တစ်နေကုန် သွားလည်ခွင့် ပေးတယ်။ သင်တို့ မခံ မရပ်နိုင်သော စုံစမ်းနှောင့်ယှက်ခြင်းကို ပေးတော်မမူလို့ ဖော်ပြထားတယ်။ မိဘ၊ ဆွေမျိုး၊ ဆရာသမား၊ သူငယ်ချင်းတွေ ဒီအချိန် ဒီနေရာမှာ မကူညီနိုင်ပေမဲ့ သခင်ယေရှုက ဖေးမခဲ့တယ်။ ကျမက မြန်မာပြည်ပြန်ပြီး ဒီကိုပြန်လာဖို့ အစီအစဉ်ရှိသည့် အတွက် ဆုတောင်းချက်တွေ ရေးချပြီး ဆုတောင်း အစာရှောင်ခဲ့တယ်။ ၂၀၁၁ ဩဂုတ် ၈ရက်နေ့မှာ မြန်မာနိုင်ငံကို ပြန်သွားနိုင်ခဲ့တယ်။ မပြန်ခင် လေယာဉ်ကွင်းမှာ သူဌေးမ က ဘာပြောသလဲဆိုတော့ သူတို့မိသားစုကို ခွင့်လွှတ်ပါတဲ့။ သမီးကိုလည်း သူတို့က ခွင့်လွှတ်ပါတယ်တဲ့။ နောက်နောင် ဒီနိုင်ငံကို ပြန်လာခဲ့ရင် သီးခံပါတဲ့။ လမ်းညွှန်ချက်ကို လိုက်နာပါ။ လိုအပ်ချက်ကို တောင်းပါတဲ့။ ကျမလည်း ခွင့်လွှတ်ပေးပါလို့ ဆိုပြီး အဲဒီမှာ ခဏငိုခဲ့ရတယ်။ စိတ်ထဲမှာ တကယ့်ကို ဝမ်းနည်းမိတယ်။ ၂နှစ် စာချုပ်မပြည့် ပေမဲ့ လေယာဉ်လက်မှတ် ဝယ်ပေးတယ်။ ဒီနိုင်ငံ အစားအစာတွေ လက်ဆောင် ပေးလိုက်သေးတယ်။ ကျမ လိုချင်တဲ့ အချက် (၁) သဘောထားပြည့်ပြီး ယုံကြည်သူ မိသားစု (၂) အဆင့်အတန်း မခွဲခြားဘဲ ကိုယ့်မိသားစုလို သဘောထားသော မိသားစု (၃) ပြီးတော့ အသက်ကြီးသောသူကို ပြုစုချင်သော (၄) ဆယ်ဖို့ တစ်ဖို့ ပုံမှန်လုပ်နိုင်ဖို့ (၅) တိကျသော ညွှန်ကြားချက်ကို ရရှိနိုင်ဖို့ ဆုတောင်း ခဲ့တယ်။



အစာရှောင် ဆုတောင်းခဲ့တယ်။ တကယ် ဘုရား ပြင်ဆင်ပေးလိမ့်မယ်ဆိုတာ အပြည့်အဝခံယူ လိုက်တယ်။ ပူပန် စိတ်သောက တွေလည်း မရှိချင်တော့ဘူး။ လုံးဝအပ်နှံ လိုက်တယ်။ ပွဲစား သဘောကောင်းဖို့လည်း ဆုတောင်း လိုက်ရ တာ။ ဒီနိုင်ငံ ပြန်မလာခင် သူဌေးနဲ့ အင်တာဗျူးချင် တယ်ပေါ့။ ဒါပေမဲ့ ကျေးဇူးတော်ကြောင့် ပွဲစားက ပြောတယ် သူ အားလုံး အဆင်သင့်ဖြစ်အောင် လုပ်ထားပေးမယ် မပူနဲ့တဲ့။ တကယ် ကျေးဇူးတင်တယ်လို့ပဲ ပြောရမယ်။ ပျော်လည်း ပျော်တယ်။ ၂၀၁၁ စက်တင်ဘာလ ၂၈ရက်မှာ ဒီ နိုင်ငံကို ဒုတိယအကြိမ် ပြန်ရောက်လာခဲ့တယ်။ တကယ် အံ့ဩစရာ ကောင်းတယ် သိလား။ ပွဲစားက အရမ်းသဘောကောင်းတယ်။ အဲဒီမှာ မြန်မာဆိုလို့ ကျွန်မ တစ်ယောက်တည်းပဲ။ ဝိုင်းချစ်လိုက်ကြတာ။ ဟိုဖက်ပွဲစားတုန်း ကျတော့ မြန်မာ တစ်ယောက်တည်း ဆိုတော့ ဝိုင်းဟားပြီး နှိပ်စက်ကြတာ။ ပွဲစားရုံးမှာ ၂ရက်နေပြီး ၃၀ . ၉. ၂၀၁၁မှာ ညနေ ၄း၀၀နာရီမှာ သူဌေးလာခေါ် တယ်။ ပွဲစားဆီမှာတုန်းက အိမ်ရှင် အကြောင်း ဘာလုပ်ရမလဲဆိုတဲ့ အကြောင်းဘာမှ မမေးခဲ့ဘူး။ ဆုတောင်းထားတဲ့ အချက်တွေနဲ့ လွဲမှာစိုးလို့လေ။ ယုံကြည်ချက်အပြည့်နဲ့ သူဌေးအိမ် ရောက်တော့ သူက လမ်း သိပ်မလျှောက်နိုင်လို့ သူ့ကိုကြည့်မဲ့လူ မရှိလို့ သူငယ်ချင်းအိမ်မှာ ကျွန်မ မရောက်ခင် သွားနေ နေတာတဲ့။ သေချာပြီပေါ့ အသက်ကြီးတဲ့ လူ။ သူဌေး အိမ် ရောက်တော့ ယုံကြည်သူလည်းဖြစ်၊ သဘောလည်းကောင်း၊ အလုပ်လည်း အရမ်း လွယ်ကူတယ်။ ဖုန်း အချိန်ပြည့် သုံးလို့ရတယ်။ ၁လ ၁ရက် ထွက်ခွင့်ရတယ်။ လစာ အရင် ကထက် ၈၀ ဒေါ်လာ ပိုရတယ်။ တကယ်ပျော်လွန်းလို့ ဘယ်လိုပြောပြရမလဲ မပြောတတ်ဘူး။ အင်္ဂလိပ်စကားလည်း သိသင့် သလောက်ရတယ်။ အတွေ့အကြုံလည်း ရှိထားတော့ ဘာအခက်အခဲမှ မရှိတော့ဘူး။ ကျွန်မ အစ်မလည်း ကြားရတော့ ဝမ်းသာပြီး သက်သေခံဖို့ ပြောလာတယ်။ ဒါပေမဲ့ ကျွန်မဒီမှာ ၃-၄လ တော့ လုပ်ကြည့် လိုက်အုံးမယ်ပေါ့။ အခုဆိုရင် ဒီသူဌေးနဲ့ နေတာ (၇) လထဲရောက်ရှိခဲ့ပြီ။ အခက်အခဲ မရှိပဲ ပျော်ရွှင်စွာနဲ့ ဖြတ်သန်းလာနိုင်ခဲ့တယ်။ ရှင်မဿဲ ခရစ်ဝင် ၇း၇ တောင်းဆိုဖို့၊ ဆယ်ဖို့တစ်ဖို့ (မာလခိ ၃း၈-၁၀) တွေမှာ ဖတ်ကြည့်ရင် တွေ့နိုင်ပါတယ်။ ဆုတောင်း ချက်တွေမှာ မပါတဲ့လည်း ဘုရားရှင်က ပြင်ဆင်ပေးထားတာ တွေ့ရတော့ တကယ် ကျေးဇူးတော် ချီးမွမ်းပါတယ်။ သူငယ်ချင်းများလည်း သခင်ယေရှုနှင့် အတူ ထွက်ပေါက်ကို ရှာနိုင်ပါစေလို့။ ဆုတောင်းချက်တင်ပါရစေ ..... အခုလက်ရှိ ကျမ ပြုစု နေတဲ့ သူဌေးမက အသက် ၅၉ နှစ် သူက အကြော ကင်ဆာ ရောဂါသည်။ ခွဲစိပ် ကုသ ၍ မရဘူး။ ထိန်းချုပ်နည်းနဲ့ ကုသနေတယ်။ ဒါကြောင့် သူလမ်းမလျှောက်နိုင်ရှာဘူး။ ခြေထောက်နှစ်ဖက်စလုံး အားမရှိဘူး။ အပေါ်ပိုင်းကတော့ ပုံမှန်အတိုင်းပဲ။ ဆုတောင်း တိုင်း သူ့အတွက် သတိရပေးပါ။ သခင်ခရစ်တော်က သေသောသူတောင် ပြန်ရှင်စေ ခဲ့ပါတယ်။ ဒါကြောင့် အရာရာတိုင်းမှာ ဆုတောင်းခြင်းဖြင့် ကျော်ဖြတ်နိုင်မယ်လို့ ယုံကြည်ပါသည်။ ။

Khin Lay (Lashio)

---

# သက်သေခံချက်

## သက်သေခံချက်

ရှေ့ဦးစွာ အဖဘုရားသခင်၏ ဘုန်းတန်ခိုး အာနုဘော် ကြီးမားကြောင်း ရေးပြပါရစေ။ ကျွန်မ ရေးမည့် အကြောင်းကတော့ သက်သေခံချင်တာနဲ့ တခြား အကြောင်းတွေလည်း ဒီစာကနေ ရေးပြ ချင်ပါတယ်။ ကျွန်မဇာတိက ပုသိမ် အနောက်ဘက်၊ ငွေဆောင် မြို့နယ်ခွဲ၊ ဆလပ်ရွာမြို့နယ်၊ နတ်ကုန်းကျေးရွာမှာ နေထိုင်ပါတယ်။ ကျွန်မ စင်္ကာပူ စလာခါစ ၂၀၁၀ မေလ ၁၀ ရက် နေ့ပါ။ မေလ ၁၄ရက်နေ့ ပထမအိမ်သို့ စဝင်ပါတယ်။ အဲဒီအိမ်မှာ နေ့ခင်းဆိုရင် ဆန်ပြုတ်ပဲ စားရတယ်။ တခြားဘာမှ မရှိဘူး။



*သခင့်စကား* ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၈ ဖေဖော်ဝါရီလ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ ဖြန့်ချိရန် **ကန့်သတ်** ထုတ်ဝေသည်။

ကျွန်မလည်း တောသူ ဆိုပေမဲ့ တခါမှ ဆန်ပြုတ် မစားဖူးဘူး။ ဒီကိုရောက်လာမှ စားနေရတော့ ဗိုက်လည်း မဝ။ နေ့တိုင်း အိမ်ရှင်တွေ အလုပ်သွားကြတယ်။ ပြီးတော့ အပြင်မှာ အလုပ်လုပ်တဲ့ အစ်ကိုတွေ ထမင်းစားတော့ ကျွန်မသွားပြီး ပြတင်းပေါက်ဂကနေ မတ်တပ်ရပ်ကြည့်တယ်။ သူတို့ အလုပ်လုပ်လည်း ကျွန်မသွားပြီး မတ်တပ်ရပ်ကြည့်တယ်။ ကားလမ်းပေါ်မှာ ကားတွေ သွားလာတာလည်း မတ်တပ်ရပ်ကြည့်တယ်။ ပြီးတော့ အဲဒီထဲက လူကြီးလား ကျွန်မ မသိ။ ကျွန်မ ပြူတင်းပေါက်ဂမှာ ထွက်ကြည့်ရင် ဓာတ်ပုံနဲ့ လိုက်ရိုက်တယ်။ အဂတ်လှန်းတော့ နောက်ဖေးမှာ ရဲတွေက ကျွန်မကို ကြည့်တယ်။ အဲဒီအိမ်မှာ ၉လ အလုပ် လုပ်ခဲ့ပြီး အေးဂျင့်အိမ်သို့ ပြန်ပို့ခံ လိုက်တယ်။ အန်တီလည်း ကျွန်မ အတွက် အိမ်အသစ် ရှာပေးတယ်။ ကျွန်မလည်း ဒုတိယ အိမ်သို့ အလုပ်ရသွားတယ်။ ပြဿနာက ဟိုအရင် အလုပ်လုပ်တဲ့ လူတွေကို ကြည့်မိဒါနဲ့ ခု ဒုတိယအိမ်နဲ့ သိပ်မဂေးဘူး။ ကျွန်မ အထင်တော့ လူတွေ အများကြီး ကြားထားပြီး စာရိတ္တ မကောင်းတဲ့ လူတစ်ယောက်လိုပဲ ယူဆကြတယ်။ ကျွန်မရုံးမှာလည်း သန့်ရှင်းရေး သွားလုပ်ပေးရတယ်။ ရုံးရှေ့မှာ လူတွေ အမှုအရာနဲ့ ဖုန်းဆက်ပြီး ကျွန်မလည်း သိတယ်လေ။ အိမ်ရှင်မ ဆရာမ ဘာမှမသိဘူး။ ကျွန်မ ၇လလောက်နေတော့ အိမ်ရှင်တွေရဲ့ ကားကို ဆေး အနီရောင်နဲ့ လာလောင်းကြတယ်။ ပန်းပင်တွေ အောက်မှာလည်း ကျောက်စရစ်တွေနဲ့လည်း အခါပေါင်း အကြိမ်ပေါင်းများစွာ လာလောင်းကြတယ်။ အိမ်ထဲမှာလည်း လူတွေ ညသန်းခေါင်မှာ လာလို့ ဆေးလား ဘာလား မသိဘူး အဖြူ လုံးတွေ အိမ်ထဲ ဂင်ပြီး လာထားတယ်။ ကျွန်မ အမြင်မှာတော့ တချို့ ပတ်ဝန်းကျင်တွေ မနာလို စိတ်လည်းပါတယ်။ အဖွားလည်း ကျွန်မကို ပြောပြဖူးတယ်။ ဖိလစ်ပိုင်မ တစ်ယောက် သူတို့အိမ်မှာ ၁ဂနှစ် အလုပ်လုပ်ခဲ့ပြီး အဲဒီ ၁၀နှစ်ထဲမှာပဲတဲ့ ခေါင်းမှာ သွေးထွက်ပြီး ဆေးရုံးသို့ ပို့ပေးတယ်။ ဆရာဝန်က ပြောတယ် သူမကို ပြန်ပို့လိုက် ပြန်မလို့ ရင် သေလိမ့်မယ်။ ဖိလစ်ပိုင်မလည်း သူမရဲ့ ခေါင်းတစ်ခုခု ဖြစ်လို့ နေမှာပေါ့။ သူမလည်း ပြန်ပို့ ခံလိုက်ရတယ်။ အဖွားက ကျွန်မကို မကြာခဏ ပြောပြတယ်။ ပြီးတော့လည်း ကြက်သား တွေကို အမိုက်ပုံးထဲ လွှတ်ပစ်တယ်။ အဲဒီလို သူမလုပ်မိတယ်။ ကျွန်မလည်း အိမ်ရှင်ကား ပြဿနာနဲ့ ဆရာက စိတ်တော့ တိုမိတယ်။ ကျွန်မလို မိန်းခလေးမျိုး ၅ ဒေါ်လာပဲ ရမယ်တဲ့။ ကျွန်မလည်း အဲဒီလို ကြားမိတော့ နာကြည်း မိတယ်။ ဘာမှလည်း မတတ်နိုင်တော့ ဘူး။ နောက်ဆုံးတော့ အိမ်ရှင် ဆရာမကို ပြောပြီး ကျွန်မ အိမ်ပြန်မယ်။ ဆရာမလည်း ကောင်းပါတယ်။ ဆရာလည်း ကောင်းပါတယ်။ ဆရာမလည်း ပြောပါသေး တယ် ကျွန်မကို သူ့အိမ်မှာပဲ ဆက်လုပ် ပိုက်ဆံ အများကြီးရှိမှ အိမ်ပြန်။ ပတ်ဂန်းကျင်က ဘယ်လိုပဲပြောပြော လုပ်လုပ် ဂရုမစိုက်နဲ့။ အဖွားလည်း ကျွန်မကို အစာတွေ ကျွေးလိုက်တာ။ ကျွန်မလည်း စိတ်မကောင်းဘူး။ ကျွန်မကြောင့် သူတို့ကားလေး ဆေး အနီရဲရဲကြီး ထူထူကြီးနဲ့ လောင်းခံရတယ်လေ။ နောက်တော့ အိမ်ရှင် ဆရာမက လူသစ် ထပ်ခေါ် ရတယ်လေ။ တန်းလို့မရ။ ကျွန်မ အိမ်မပြန်ရင် မဖြစ်တော့ဘူး။ ပြဿနာက မသေးဘူး။ ကျွန်မအိမ်သို့ ပြန်ရတော့ ပျော်တယ်။ ဒါပေမဲ့ ကျွန်မ အမေ မရှိတော့ဘူး။ ဟို (ပ)အိမ်မှာ လုပ်တုန်း ၈လ လောက်မှာ အမေဆုံးပါး သွားတယ်။ မတွေ့လိုက် ရသလို လူတွေ ကျွန်မကို မိန်းမဆိုး လို့ သတ်မှတ်ကြတယ်။ ကျွန်မလည်း ဒီစင်္ကာပူကို ထပ်ပြီး မလာတော့ဘူး။ ရန်ကုန်မှာပဲ အလုပ်သွားလုပ်မယ်။ အမတွေလည်း ပြောကြတယ် စင်္ကာပူ မှာပဲ သွားလုပ်။ ကျွန်မလည်း ပြန်ပြောတယ် နင်တို့ ဘာမှမသိကြဘူး။ ကျွန်မ (ပ)သွားပြီး ကြုံခဲ့ရတဲ့ ပြဿနာ။ ကျွန်မရဲ့ နိုင်ငံကူးလက်မှတ်လည်း ၇လပဲကျန်တော့တယ်။ ကျွန်မ ဘယ်လို လုပ်ရမလဲ တွေးရင်းနဲ့ ဆုတောင်းခဲ့တယ်။ ဒီည အိုအဖဘုရားသခင် သမီးကို အဖြေ ပေးပါ။ အိမ်မက်ထဲမှာ ကျွန်မ သွားရမလား မသွားရတော့ဘူးလား။ အဲဒီည ကျွန်မ ထူးထူး ခြားခြား အိမ်မက်မက်ခဲ့တယ်။ ဟိုအဂေးမှာရှိတဲ့ လမင်းကြီးက ကျွန်မရဲ့ ညာ လက်ဖဂါးပေါ်မှာ လှည့်နေတယ်။ မိုးလင်းတော့ သူများကို ပြောပြတယ် နောက် အန်တီဂျွန်နဲ့ ဆက်သွယ်ပြီး ၁လ မကြာဘူး ကျွန်မအတွက် ခေါ်စာရလာတယ်။ ကျွန်မလည်း ဂမ်းသာတယ်။ ဘုရား ကိုလည်း ချီးမွမ်းတယ်။ အန်တီဂျွန်ကိုလည်း ကျေးဇူးတင်တယ်။ အခု ကျွန်မ နေခဲ့ ရတဲ့ အိမ်(ဒု)အကြိမ် စင်္ကာပူသို့ ထပ်လာတဲ့ အကြိမ်ပေါ့။ ခုအိမ် ကျွန်မအတွက် အကောင်းဆုံး အိမ်လို့ ယူဆတယ်။ စားသောက် တာကအစ မခွဲခြားဘူး။ ဒါပေမဲ့ လူ တချို့တွင် ကျွန်မကို စုံစမ်းနေဆဲပဲ။ ကျွန်မ အတွက်နဲ့ လူတော်တော်များများ အလုပ် ရှုပ်ကြတယ်။ ဒီစာကို ရေးတာ (တ)အကြိမ် ဖြစ်သွားပြီး။ (ပ)နဲ့(ဒု) အကြောင်း ဟိုပုဂ္ဂိုလ် လည်း ရဲနဲ့တိုင်တဲ့ အကြောင်း ပြီးတော့ အိမ်ပြန်ရအောင်။ အိမ်ရှင်တွေ ရဲ့ကား ဒီလူရဲ့ အကြံအစည်နဲ့ ရေးခဲ့မိတယ်။ (ဒု)စာရေးမိခဲ့ပြီး ကျွန်မ အိပ်မက်တခုမက်ခဲ့တယ်။ ရေမွှေး ပွက်ပွက်ဆူပြီး မည်းမည်းကြီး အဲဒီ အနီးမှာ လူတစ်ယောက် မှမရှိခဲ့ဘူး။ အစောင့်တွေပေါ့ အပြစ်ရှိရင် အဲဒီရေနွေး ပွတ်ပွတ်ဆူထဲမှာ ခုန်ချရတယ်တဲ့။ မခုန်ချရင်မရဘူးတဲ့ အပြစ် ရှိတဲ့သူ အားလုံးခုန်ချရတယ်။ မိုးလင်းတော့ ကျွန်မလည်း စာပြောင်းပြီးရေးတော့မယ်။ ကျွန်မ ကြောက်တယ် ရေနွေးပွတ်ပွတ်ဆူ ထဲမှာ မခုန်ချရဲဘူး။ အဲဒီပုဂ္ဂိုလ်နဲ့ အကြံအစည် လည်း မရေးတော့ဘူး။ ကျွန်မ အိမ်ပြန် ရအောင်လည်း သူလုပ်တယ် မရေးတော့ဘူး။ ဘာပဲ ဖြစ်ဖြစ် ဒီလူပုဂ္ဂိုလ်ကိုတော့ ဒုတိယအကြိမ် မမြင်ပါရစေနဲ့ လို့မျှော်လင့်ပါတယ်။ ကျွန်မကို မဟုတ်တာတွေပြောပြီး လူတွေ ရဲတွေ ကျွန်မအကြောင်း အများကြီး ကြားသိတယ်။ ကျွန်မကတော့ တောရိုင်းပန်း တစ်ပွင့်ဖြစ်တဲ့ အတွက် တောရိုင်းလို့ပဲ ပြောတတ်တယ်လေ။ ဒီစာကို ရေးမိတာလည်း အရမ်းဂမ်းသာတယ်။ တကယ်လို့သာ ဒီပြဿနာ မပြီးသေးဘူးဆိုရင် လာမဲ့ ၂၀၁၃ ၁လပိုင်း ကုန်ခါနီးဆိုရင် ကျွန်မ နိုင်ငံကူး လက်မှတ် ရက်ကုန်ပါပြီ။ အမိမြန်မာပြည်ကိုပဲ ပြန်ဘို့ ဆုံးဖြတ်ပြီးသားပါ။ ကျွန်မက တခြား အိမ်ဖော်တွေနဲ့ မတူဘူး။



ဘာဖြစ်လို့ ဒီလိုအဖြစ်မျိုး ကြုံရပါလိမ့်။ ဘုရားကိုလည်း အသီးဦးပေးတယ်။ ဆယ်ဖို့ တစ်ဖို့လည်းထားတယ်။ ကျွန်မ ဘာလုပ်လုပ် လူကြီး အဖိုးအဖွားတွေကို ဦးစားပေးတယ်။ ရေးချင်တယ် အများကြီး မရေး တော့ပါဘူး။ တနေ့ တော့ ဘုရားသခင် တစ်ပါးတည်းသာ ဖြေရှင်း နိုင် တယ်။ မျှော်လင့် စောင့်စားရမှာ ပဲလေ။ ဒီအထိပဲ အဆုံးသတ်လိုက်ပြီး .. ကျေးဇူးတင်လျှက် .... ။

-----------------------------------

စောင့်မျှော်နေပါတယ်သခင်

## စောင့်မျှော်နေပါတယ် သခင် Angel (Kalay)

ကျွန်မက သိပ်ဆိုးတဲ့ သူတယောက် မဟုတ်သလို အရမ်းလိမ္မာတဲ့ သမီး တယောက်လည်း မဟုတ်ခဲ့ပါဘူး။ ချမ်းသာကြွယ်ဝတဲ့ မိသားစုက မွေးဖွားလာတဲ့သူ မဟုတ်သလို ပညာ အရည်အချင်း။ ပိုင်ဆိုင်မှု ဘာမှမရှိပါဘူး။ ဒါပေမဲ့ စကြာဂဠာ တခုလုံးကို ဖန်ဆင်း ပိုင်သ အုပ်စိုးတဲ့။ ထာဂရ သခင်ကို ကျွန်မ ရိုးရိုးလေး ယုံကြည် ကိုးစားခဲ့တယ်။ ထိုသခင်ကို ကျွန်မ ချစ်တယ်။ သခင် အလိုရှိရင် သေဆုံးပြီးသား လူတစ်ယောက် အသက် ပြန်ရှင် လာနိုင်သလို သခင် အလိုမရှိရင် ကောင်းကင်မှာ ပျံဝဲနေတဲ့ စာငှက်တကောင် တောင်မှ မြေပေါ် မကျရဘူး။ ဆိုတဲ့ ထိုသခင်ရဲ့ စကားတွေ ကျွန်မ ယုံကြည်တယ်။ မဿဲ ၂၄း၃၅ "ကောင်းကင် နှင့် မြေကြီး မတည် သော်လည်း ငါ့စကား တည်လိမ့်မည် " တဲ့။ သခင် ကတိ ပေးထားတယ်လေ။

ကျွန်မ ဘာဘဲလုပ်လုပ် သခင့် ဆီမှာ ဆက်ကပ် အပ်နှံခဲ့တယ်။ ဒါပေမယ့် ထို သခင်ဟာ ကျွန်မရဲ့ စကားတွေကို တခါတရံ (မဟုတ်ဘူး အမြဲလိုလို) ဥပက္ခာပြု လေ့ရှိ တယ်။ လူတိုင်း ခံစားဖူးမှာပါ။ ကိုယ်ချစ်မြတ်နိုး ယုံကြည် ကိုးစားရတဲ့ သူ တယောက် ရဲ့ ဥပက္ခာတွေကို ရရှိခဲ့အခါ အသဲတွေ ကွဲကြေတတ်ကြပါတယ်။ ကျွန်မလဲ ထိုသခင် ကြောင့် အသဲတွေ မကြာခဏ ကွဲကြေခဲ့ရတယ်။ သခင် ပစ်ထား ရက်တယ် ဆိုပြီးတော့လေ။ မိသားစု စားဂတ်နေရေးအတွက် ကိုယ်တခါမှ မရောက်ဖူးတဲ့ နိုင်ငံ၊ လူမျိုးမတူ၊ ဘာသာမတူ၊ အသွင်ချင်း မတူတဲ့ စင်္ကာပူနိုင်ငံကြီးမှာ အိမ်ဖော် လုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ သခင့်ဆီမှာ ဆက်ကပ် အပ်နှံခဲ့တယ်။ ၃နှစ် နေနိုင်ဖို့ပေါ့။ ဒါပေမဲ့ ချစ်ခြင်းမေတ္တာ နည်းပါးတဲ့ မိသားစု တွေမို့ ကျွန်မ ၁နှစ်တည်းနဲ့ မြန်မာပြည် ပြန်သွားခဲ့တယ်။ ၁နှစ်ပတ်လုံး ကျွန်မ နေ့ရက် တွေကို ပူလောင်တဲ့ မျက်ရည်တွေနဲ့ ဖြတ်သန်းခဲ့ရပါတယ်။ ကျွန်မ သိပ်ချစ်တဲ့ ကိုးစားတဲ့ သခင် ဘယ်နားမှာ ရောက်နေသလဲ ဆိုပြီးတော့ ကျွန်မ နေ့စဉ် ဟစ်အော်ခဲ့ တယ်။

ဒုတိယအကြိမ် ထပ်ရောက်လာခဲ့တယ်။ အခု ၁ဂလ အတွင်းမှာပေါ့။ အိမ်ရှင်တွေက မယုံကြည်တဲ့ သူတွေမို့ ကျွန်မရဲ့ ကျမ်းစာအုပ်ကို မြင်တဲ့ အခါမှာ " At home you can't read bible" လို့ တားမြစ်ခဲ့တယ်။ ကျွန်မ တိတ်ဆိတ်စွာ မျက်ရည်ကျခဲ့တယ် သခင်။ အလိုတော်က ဘာလဲလို့ မေးခဲ့တယ်။ နိမ့်ချစွာ အသက်မရှင်တတ်တဲ့ ကျွန်မရဲ့ စရိုက်နဲ့ မောက်မာတဲ့ အဖွားရဲ့ကြားမှာ နေ့တိုင်းလိုလို ပဋိပက္ခတွေ ရှိနေခဲ့တယ်။ အဖွားရဲ့ လက်သုံး စကားဖြစ်တဲ့ "You are my maid, you are my servant" ဆိုတဲ့ အသံ ကြားရတိုင်းလဲ ကျွန်မ နှလုံးသား နာကျင်ခဲ့ရတယ်။ တဖြည်းဖြည်း ကျမ်းစာနဲ့ ဂေးလာသလို ဆုတောင်းဖို့လည်း ပျင်းလာခဲ့တယ်။ ကျွန်မရဲ့ ဂိညာဉ်ဟာ ရေငတ်နေတဲ့ သမင်လို။ အချိန်နာရီတွေက ကျွန်မ အတွက် ပူလောင်လှပါတယ်။ ကျွန်မရဲ့ လက်ချောင်းတွေလဲ မကြာခဏ ဆိုသလို လက်သည်းရင်းမှာ နာကျင်မှုတွေနဲ့ လက်သည်းတွေ တဖြည်းဖြည်း မဲလာတယ်။ မထင်မှတ်ပဲ။ ဘယ်ဘက် လက်မ လက်သည်း ကျွတ်သွားခဲ့တယ်။ အခု ညာဘက် လက်မမှာ အရမ်းကို နာကျင်ကိုက်ခဲမှု ကျွန်မ ခံစား နေရတယ်။ လက်သည်း တွင်းမှာ ပြည်တည် နေသလို လက်မ တခုလုံး နီရဲယောင်ကိုင်းပြီးတော့ တတောင်ဆစ်မှာ တဆစ်ဆစ် နာကျင်တဲ့ ဂေဒနာကို ခံစားရတယ်။ မနက်ဖြန် စနေနေ့လေ။ တအိမ်လုံးရဲ့ အိပ်ယာခင်းဖုံးတွေ စောင်တွေ လျှော်ရမယ်။ Hand Wash ပေါ့ ။ မဿဲ ၆း၃၄ မနက်ဖြန်ဖို့ မစိုးရိမ်ကြနှင့် ဆိုတဲ့ သခင်ရဲ့ စကားကို ကျွန်မ မေ့လျော့သွားခဲ့တယ်။ လက်က နာကျင်တဲ့ ဂေဒနာတွေထက် ရင်ထဲမှာ ပိုနာကျင် မိတယ်။ သခင် ကျွန်မကို လျစ်လျူရှုထားပြီလေ။ ကျွန်မရဲ့ အတွေး ထဲမှာ သခင်က ဆိုးသွမ်းတဲ့ သူတွေကို ပိုချစ်တယ်ဆိုရင် ကျွန်မ ဆိုးသွမ်း ပစ်လိုက်မယ်။ ကျွန်မ သခင် မကြိုက်တာတွေ တခုပြီး တခု လုပ်ပစ်လိုက်ရင်ရော သခင်က ကျွန်မကို ကြည့်မလား ဆိုပြီး တနေ့လုံး လျှောက်တွေးနေခဲ့တယ်။ ညရောက်တော့ အိမ်ရှင်မက စာ တစောင်ပေး လာတယ်။ ဖွင့်ဖတ်လိုက်တော့ ညီမ ဂမ်းကွဲ ပို့လိုက်တဲ့ ညစဉ် ခွန်အားနဲ့ သခင့်စကား စာစောင် ဖြစ်နေတယ်။ သခင့်စကား စာစောင်ကို ကျွန်မ ဖတ်လိုက်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၈ ဖေဖော်ဝါရီလ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများ အတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

တော့ မျက်ရည် ကျလာတယ်။ ဒီစာစောင်က ကျွန်မအတွက် မှန်တချပ် ဖြစ်နေခဲ့တယ်။ ကျွန်မရဲ့ အားနဲ ချက်တွေကို ပြန်မြင်လာတယ်။ တဏှာနဲ့ ပါဂါထဲက "သခင်နဲ့ တည်တဲ့ ကျောက်ဆောင်ဟာ လှိုင်းပုတ်တိုင်း ပြိုမသွားဘူး" တဲ့။ အထင်နဲ့အမြင်ထဲမှာ လူ့ အကြံ အစည်နဲ့ ဘုရားရဲ့ အကြံစည်တွေ မတူတာကို ပြန်ဖတ်မိတော့ ကျွန်မ အတွေးတွေ ခံယူချက်တွေ မှားနေတာ သတိထားမိလာတယ်။ ကျွန်မတို့ မခံနိုင်တဲ့ စုံစမ်း နှောက်ယှက် ခြင်းကို သခင် မပေးဘူးဆိုတာ အသစ်တဖန် ဆင်ခြင်မိတယ်။ ယေရမိ ၃၁း၁၃ ဝမ်းနည်းခြင်း ခံရသော နောက် စိတ် သက်သာရွှင်လန်းခြင်း အကြောင်းကို ငါပြမည် ဆိုတဲ့ ကျမ်းပိုဒ်တွေ။ ကျွန်မ အတွက် ခွန်အားသစ်တွေ ဖြစ်လာတယ်။ တကယ်တော့ ကျွန်မက နှုတ်ဖျားကနေ သခင် သခင်လို့ အော်ခေါ်ပြီး လူက သခင်နဲ့ ဝေးနေရာကို ပြေးနေမိတယ်။ ခွင့်လွှတ်ပါ သခင်။ အဲဒီ ညမှာဘဲ ကျွန်မ အပြစ်တွေကို သခင့်ဆီမှာ ဝန်ချတောင်းပန် ခဲ့တယ်။ သခင် ခွင့်လွှတ်မှာပါ။ ယောဗ၊၁၇ ငါထံသို့ လာသောသူကို ငါသည် အလျှင်းမပယ် တဲ့ ။ သခင်ရဲ့ ဂတိစကား ဖြစ်တယ်။ နောက်နေ့ မိုးလင်းတော့ ကျွန်မရဲ့ စိတ်တွေ ရွှင်လန်း နေတယ်။ အဝတ်တွေ လျှော်ဖို့ ပြင်တယ်။ ယောင်ကိုင်းနေတဲ့ ကျွန်မရဲ့ လက်ဟာ လျော့ကျ မသွားပါဘူး။ ဒါပေမဲ့ အံ့ဩစရာ ကောင်းတာက နာကျင်မှု တခုမှ မရှိတော့တာကို ကျွန်မ သတိထား မိတယ်။ ဒီတခါ ကျလာတဲ့ မျက်ရည်က ဝမ်းသာလို့ ကျတဲ့ မျက်ရည်ပါ။ သခင် ကျွန်မကို ပစ်မထားဘူးဆိုတာ ကျွန်မ သိလိုက် ရတယ်။ ကျေးဇူးတင် ပါတယ် သခင် လို့ အကြိမ်ကြိမ် ပြောမိတယ်။



သေလုမျှောပါး ဝေဒနာကို ယောဘ ခံစားရပေမယ့် သခင့် အပေါ်မှာ နဲနဲမှ မငြိုငြင်ခဲ့ဘူး။ ကျွန်မ ကတော့ မပြော ပလောက် တဲ့ ဝေဒနာလေးနဲ့ သခင်ကို ကွန်ပလိန်း လုပ်ခဲ့တယ်။ ပြောရမှာတောင် ရှက်ဖွယ်ပါ။ ခွင့်လွှတ်ပါ သခင်လို့ အကြိမ်ကြိမ် တောင်းပန် မိတယ်။ ကျွန်မအတွက် ပျော်ရွှင်ဖွယ် နေ့သစ်တွေ သခင် ပြင်ဆင်ထားတယ် ဆိုတာ ကျွန်မ ယုံကြည် မျှော်လင့်လာတယ်။ သခင် ကျွန်မကို ဥပက္ခာပြု မထားဘူးဆိုတာ ခံစားမိလာတယ်။ ဟေရှာယ ၅၄း၇ သင့်ကို ခဏသာ ငါစွန့်သည်ဖြစ်၍ များစွာသော ဂရုဏာနှင့် တဖန် သိမ်းဆည်းဦးမည်၊ ပြင်းစွာသော အမျက် ထွက်၍ ခဏသာမျှ ငါမျက်နှာ လွှဲသော်လည်း ထာဝရမေတ္တာနှင့် ကယ်မ သနားဦးမည်။

ဒီနေ့လား မနက်ဖြန်လား။ ဘယ်တော့လဲ။ ကျွန်မ မသိပေမဲ့ သခင်ပေးသမျှ အရာ တွေကို ကျေကျေနပ်နပ် ခံယူရင်း ကျေးဇူးတော် ချီးမွမ်းရင်း ကျွန်မစောင့်မျှော် နေပါတယ်။

(မှတ်ချက်။ ဘဝရဲ့ ရိုက်ခတ်မှုတွေ ဘယ်လောက်ဘဲကြမ်းတမ်းပါစေ၊ သခင့် အပေါ်ထားတဲ့ ကျွန်မရဲ့ ချစ်ခြင်း၊ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းတွေ ယိုင်လဲမသွားဖို့ ကူညီဆုတောင်းပေး ကြပါလို့ မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါသည်။) Angel ( Kalay)

----------------------------------------------

## သက်သေခံချက်

**သက်သေခံချက်** နော်ဖေရေး (ရန်ကုန်)

၁-၇-၂၀၁၂ ရက်နေ့မှာ ကျွန်မ ဘုရားကျောင်းသွားပြီး ပွဲတော်စားဖို့ အိမ်ရှင် ဆရာမကို ပြောထားပါတယ်။ အဲဒီနေ့မှာ ဖြစ်ချင်တော့ ဆရာမက ဗိုက်အရမ်းအောင့် နေပါတယ်။ ၁၁း၃၀ ရှိပြီ ဘုရားကျောင်းသွားဖို့ ကျွန်မ ဘာမှ မပြင်ဆင်ရသေးဘူး။ ခဏနေတော့ သူက ဈေးသွားဖို့ ခေါ်သွားပါတယ်။ ကျွန်မ စိတ်ထဲမှာလေ "ဘုရားသခင် ဘုရားကျောင်း သွားဖို့ ဆရာမကို ဘယ်လိုပြောရမလဲ။ လုပ်ပါအုံး။ ကူညီပါအုံး" ဆိုပြီး ဆုပဲ တောင်းနေမိပါတယ်။ လမ်းသွားရင်း နဲ့ ကျွန်မ ဆရာမကို "ငါ ဒီနေ့ ဘုရား ကျောင်း သွားပြီး ပွဲတော် စားချင်တယ်။ ငါ့အတွက် အရေးကြီးတယ်" လို့ သူ့ကိုဖွင့် ပြောလိုက်တော့ သူက "၁၂ နာရီထိုးပြီ။ ဈေးဝယ် ဘာဝယ်နဲ့ နင် သွားလို့ မှီပါ့ မလား" လို့ပြန်မေးတော့ ကျွန်မက "ရတယ်။မှီတယ်"လို့ ပြန်ဖြေလိုက်ပါ တယ်။ အချိန်ကို ကြည့်တော့ (၁) နာရီ ထိုးနေပါပြီ။ ဆရာမက သိပ်မကြိုက်ချင်ဘူး။ ကျွန်မ ကတော့ ဘာဘဲဖြစ်ဖြစ် ဘုရား ကျောင်း ရောက်အောင် သွားမယ်လို့ ဆုံးဖြတ်ချက်ချပြီး ၁း၃၀ မှာ အိမ်က



စထွက် လာပါတယ်။ စိတ်ထဲမှာတော့ ဘုရားသခင် သမီးအတွက် နေရာလေး တစ်ခုတော့ ချန်ထား ပေးပါလို့ ဆုတောင်းနေမိတယ်။ ဘုရားကျောင်း ရောက်တော့ ၂း၃၀ ရှိပြီ ဆရာ တရားဟော နေပြီဖြစ်တယ်။ နေရာက နောက်ဆုံးမှာ ဘယ်လိုမှ ကျွန်မ အတွက် အဆင် မပြေဘူး။ ဆရာ တရားဟောတာကို TV ထဲမှာပဲ နောက်ကနေ ထိုင်ကြည့် နားထောင်ရတာ လုံး၀ အား မရဘူး။ အဲဒီ အချိန်မှာ အတွင်းထဲမှာ လူ ၅ ယောက်စာလောက်နေရာ ရှိတယ်လို့ ပြောတော့ ဘယ်ရမလဲ ကျွန်မ သွားထိုင်ခဲ့ပါ တယ်။ ဆရာရဲ့ တရား ဟောချက်က ကျွန်မ ဝိညာဉ်ကို ပြန်လည်ပြီး ခွန်အားဖြစ်စေ ပါတယ်။ ထို့အတူ ဆရာ မင်းအောင်သက်လွင် ရိုက်ကူးတဲ့ "တိမ်ဖုံးနေသော ကြယ်ပွင့်များ" ဗီဒီယို အခွေကို ဝယ်လာပြီး ကြည့်တဲ့ အခါ မှာလည်း တစ်ကယ့်ကို ခွန်အား ရစေပါတယ်။ ဘုရားသခင်က ငါသည် လောကကို အောင်ခဲ့ပြီ ဆိုတဲ့ အချက်ကလေး ဘဲ ဖြစ်ပါတယ်။ ဘာကြောင့် ကျွန်မ အဲဒီ အချက် ကလေးကို ခွန်အားရသလဲဆိုတော့ ကျွန်မဟာ အရမ်း အားငယ်တတ်၊ ဝမ်းနည်းလွယ်၊ သိမ်ငယ်တတ်ပြီး၊ စိုးရိမ်လွန်း တတ်သော သူ တစ်ယောက် ဖြစ်လို့ပါ။ ဘုရားသခင်က အရာ အားလုံး အကောင်းဆုံး တွေကြီးဘဲ ပြင်ဆင်ပေးထားတဲ့ ကြားကကို စိုးရိမ်နေသေးလို့ပါပဲ။ အဲဒီ အခွေတွေ ကြည့်ပြီး ကျွန်မတို့လို အိမ်မှာ အလုပ် လုပ်နေတဲ့ သူတွေအတွက် ဝန်တာ ထားပြီး ဆုတောင်း ဖို့ကိုလည်း သိလာ ရပါတယ်။ ယောရှု ၁ း ၉ မှာလည်း အားယူ၍ ရဲ့ရင့်ဖို့။ မကြောက်ဖို့။ စိတ်မပျက်ဖို့ သွားတဲ့ နေရာတိုင်းမှာ ထာဝရဘုရား ရှိကြောင်း ပြောဆိုသလို ဟေရှာယ ၄၁း၁၀ အားဖြင့်လည်း ခွန်အား ဖြစ်စေခဲ့ပါတယ်။ အဲဒီနေ့က ကျွန်မကို ဘုရားကျောင်း ရောက်အောင် ပို့ဆောင် ပေးတဲ့ အသက်ရှင်သော ထာဝရ ဘုရားကို ကျေးဇူးတင်မိပါတယ်။ အဲဒီ နေ့ကတော့ ကျွန်မရဲ့ အသက်တာမှာ ဘာနဲ့မှ မလဲနိုင်တဲ့ နေ့တစ်နေ့လေးပဲ ဖြစ်ပါ တော့တယ် ။

ကျွန်မ တစ်ခါမှတော့ စာရေးပြီး သက်သေ မခံဖူးဘူး။ သက်သေခံချင်လွန်းလို့ ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်းကို မပြောရရင် မနေနိုင်လွန်းလို့ စာရေးပြီး သက်သေ ခံလိုက် ခြင်းဖြစ်ပါတယ်။ သက်သေခံမယ် ဆိုရင် ဘယ်လိုမှ ကုန်နိုင်မှာ မဟုတ်ပါဘူး။ အများကြီးကို သက်သေခံချင်တာဖြစ်ပါတယ်။ "သီချင်း လေးဆိုရင်း က"၊ "တိမ်ဖုံးနေသော ကြယ်ပွင့်များ " နဲ့ဆောင်းပါးတွေ၊ သက်သေခံချက်တွေ၊ ကိုယ်တွေ့ ဖြစ်ရပ် အားလုံး မှန်သမျှကို ကြည့်ရ၊ ဖတ်ရတာ အရမ်းကို ခွန်အား ရပါတယ်။ ကျွန်မ တို့လို စင်ကာပူမှာ အလုပ် လုပ်ပြီး မိတ်ဆွေ ညီအစ်ကို မောင်နှမ မိဘ အနားမှာ မရှိတဲ့ သူတွေ အတွက် ကတော့ သခင့်စကား စာစောင် ကတော့ အဓိက မိတ်ဆွေ ဖြစ်ခဲ့ ပါတယ်။ စာစောင် ထုတ်လုပ် ပေးတဲ့ ဆရာတို့ကို အရမ်းကျေးဇူးတင်ပါတယ်။ ။ နော်ဖေရေး (ရန်ကုန်)။

-------------------------------------

## အချိန်လေးရှိတုန်းမှာ

**အချိန်လေးရှိတုန်းမှာ** ဖိုးလေး(အင်းစိန်)



ရှေးဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ သခင့် စကား စာစောင်မှာ ဘုရားသခင်အတွက် သက်သေခံချင်ပေမဲ့ အလုပ် များမှုတွေနဲ့ ပင်ပန်းမှုတွေဆိုတဲ့ အကြောင်း ပြချက် တွေကြောင့် ကျမ သက်သေ မခံနိုင်ခဲ့ပါ ဘူး။ "ဘုရားသခင်အတွက် အကြောင်းပြချက် မရှိဘူး" (ဘုရား သခင်ကို ဆင်ခြေ မပေးနဲ့) ဆိုတဲ့ ဆရာ မင်းအောင်သက်လွင်ရဲ့ စကားလေးဟာ ပျင်းရိနေတဲ့ နှလုံးသားလေးကို ပြောင်းလဲ စေခဲ့ပါတယ်။ ကျမ အလုပ်အားတဲ့အချိန်မှာ သူငယ်ချင်း တွေနဲ့ စကားပြော အတင်းပြော။ ဒါမှမဟုတ် ပင်ပန်းမှုတွေအတွက် အနား ယူပါတယ်။ ညနက်မှ အိပ်ရတဲ့ အတွက် တာဝန်ဝတ္တရားအရ ဆုတောင်းပေမဲ့ နှလုံးသားနဲ့ ကိုယ်တော်ကို မတောင်း ခဲ့ပါဘူး။ မိုးလင်းလာတော့လဲ စောစောထပြီး ကလေးတွေ ကျောင်းသွားဖို့အတွက် ပြင်ဆင် ပေးရမှာ ဖြစ်တဲ့အတွက် မနက်တိုင်း ဆု မတောင်း ခဲ့ပါဘူး။ တကယ်တော့ ကျမ အများကြီး မှားခဲ့ပါတယ်။ ကိုယ်တော် ပေးထား တဲ့ အချိန်လေးတွေကို ကိုယ့် အတွက်ဘဲ အတ္တဆန်စွာ အသုံးချခဲ့ပါတယ်။ ကိုယ်တော့ အတွက် ပြန်ပြီး အချိန် ပေးဖို့ကျတော့ ပင်ပန်းမှုတွေနဲ့ ကျမ အကြောင်း ပြခဲ့ပါတယ်။ ခိုင်မာတဲ့ ဆုံးဖြတ်ချက် တစ်ခုကို ကျမ ချခဲ့ပါပြီ။ အကြောင်းပြချက် မရှိတော့ဘဲ (ဆင်ခြေ မပေးတော့ဘဲ) ကိုယ်တော့်အတွက် အချိန်ပေး မိတ်သဟာယ ဖွဲ့ဖို့နဲ့ အချိန်လေး ရှိတုံးမှာ ကိုယ်တော့်အား ဂုဏ်တော်ချီးမွမ်းနေဖို့ဘဲ ဖြစ်ပါတယ်။ ကိုယ်တော် ပေးတဲ့ အချိန်တွေကို ကျမတို့အတွက် အသုံးချနေတဲ့ အထဲကနေ ကိုယ်တော့ အတွက် အချိန်လေး ပြန်ပေးနိုင်ဖို့ရန် ကြိုးစားကြပါစို့။ သူနဲ့ မိတ် သဟာယဖွဲ့ဖို့ရန် မျှော်လင့်တောင့်တ နေတဲ့ ကိုယ်တော့်ရဲ့ ခံစားချက်တွေကို ကျမ တို့ နားလည်ပေးဖို့ အချိန်တန်ပါပြီ မိတ်ဆွေ။ ကိုယ်တော်ပေးနေတဲ့ အချိန်လေး ရှိနေ တုံးမှာ ကိုယ်တော့်အား ပြန်လည် ချီးမွမ်းကြပါစို့။ ။ ဖိုးလေး(အင်းစိန်)

--------------------

## ကိုယ်နှင့်အမျှချစ်ပါ

**ကိုယ်နှင့်အမျှချစ်ပါ**



ခွင့်လွှတ်ခြင်းက ဗလာနတ္ထိနဲ့ မေတ္တာတရား ကင်းမဲ့ကာ အရာရာ ဥပေက္ခာ ပြုတတ်ပါလျှက်၊ ခွင့်လွှတ်ခြင်းနဲ့ မေတ္တာ တရားတွေ ထားရှိစေဖို့ မင်းနှုတ်က တဖွဖွ ပြောနေတာ ဘာကြောင့်များလဲ။ ချစ်သူ... ကိုယ့်မျက်စေ့ထဲက တံကျင် ကိုယ် မမြင်ဘဲ၊ သူ့ မျက်စေ့ထဲက ငြောင့်ငယ်ကို အမြဲ ယိုးမယ်ဖွဲ့တတ်ပါလျှက်၊ ခွင့်လွှတ်ခြင်းနဲ့ မေတ္တာ တရားတွေ ထားရှိစေဖို့ မင်းနှုတ်က တဖွဖွ ပြောနေတာ ဖြစ်နိုင်ပါရဲ့လား ချစ်သူ....။

လူတိုင်းရဲ့ နှလုံးသားထက်မှာ အတ္တနဲ့ မာနတွေ ထားရှိနေသရွေ့၊ ခွင့်လွှတ်ခြင်းနဲ့ မေတ္တာတရားတွေ ရှင်သန်နိုင်မှာ မဟုတ်ဘူး ချစ်သူ.။ မပြည့်စုံတဲ့ လူထဲက လူတို့အားလုံး အတူတူမို့၊ ငါမှန် သူမှား အငြင်း မပွါးဘဲ။ ခရစ်တော် မိန့်ကြား နှုတ်ထွက်စကားကို ရင်ဝယ် ထားရင်း၊ ခွင့်လွှတ် ခြင်းနဲ့ မေတ္တာတရားတွေ ဝေဆာစေဖို့ ကြိုးစားကြစို့လား ချစ်သူ.....။ ။ ရေဗက္က(U Y G)



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၈ ဖေဖော်ဝါရီလ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။